ICNL

www.icnl.org
info@icnl.org

# မြန်မာနိုင်ငံရှိ ဂျာနယ်လစ်များ ဖမ်းဆီးထိန်းသိမ်းခံရမှု ဆိုင်ရာ အကဲဖြတ် သုတေသန စာတမ်း

## ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အထိ

အိုလီဗာ ပြုစုတင်ပြသည်။
၂၀၂၅ ခုနှစ် ဧပြီလတွင် ထုတ်ပြန် သည်။

INTERNATIONAL CENTER
FOR NOT-FOR-PROFIT LAW

1126 16th Street NW #400
Washington, DC 20036

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# မာတိကာ


အနှစ်ချုပ် ဖော်ပြချက် ....... 3

နိဒါန်း ....... 4

ဂျာနယ်လစ် ၂၂၁ ဦး ဖမ်းဆီးခံထားရခြင်း ....... 7

ဂျာနယ်လစ် ၁၇၅ ဦးကို ရာဇဝတ်မှုဖြင့် စွဲချက်တင်ခြင်း ....... 15

ဂျာနယ်လစ်၈၈ ဦး၏ အပြစ်ဒဏ်ချမှတ်မှု ....... 20

ဂျာနယ်လစ်၁၇၀ ဦးအား ပြန်လွှတ်ခြင်း ....... 23

အမျိုးသမီးဂျာနယ်လစ်များ အတွက် ကွာခြားချက်များ ....... 27

သတင်း မီဒီယာ အဖွဲ့အစည်းများအပေါ် သက်ရောက်မှု ....... 32

နိဂုံး ....... 37

နောက်ဆက်တွဲ- မြန်မာ့မီဒီယာ စည်းမျဉ်းနှင့် ပြစ်မှုဆိုင်ရာဥပဒေမူဘောင် ....... 43

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# အနှစ်ချုပ် ဖော်ပြချက်

မြန်မာ့တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတင်း မီဒီယာ လွတ်လပ်ခွင့်ကို ဖိနှိပ်တိုက်ခိုက်ကာ ဆယ်စုနှစ်တစ်ခုကြာ ပြုပြင်တည် ဆောက်လာခဲ့သော တရားဥပဒေစိုးမိုးရေးကို စွန့်လွှတ်ကြောခိုင်းလိုက်တော့သည်။ ICNL အနေဖြင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ စောင့်ကြည့် အတည်ပြုထားသော အချက်အလက်များအား ကောက်ယူစိစစ်ကာ၊ သတင်းနှင့်ဂျာနယ်လစ် တို့ ဖမ်းဆီးထိန်းသိမ်း ခံရမှုများနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ရောက်ရှိနေသည့် အခြေအနေများကို အကဲဖြတ် သုတေသန မှတ်တမ်း တစ်စောင် ပြုစုခဲ့သည်။

လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း တပ်မတော်က မီဒီယာ ပေါင်း ၁၀၀ နီးပါးမှ သတင်းနှင့်ဂျာနယ်လစ် ဦးရေ ၂၂၀ကျော်ကို ဖမ်းဆီးထိန်းသိမ်း ခဲ့သည်။ ထိုသို့ ဖမ်းဆီးရာတွင် အဓိကအားဖြင့် သီးခြားဥပဒေကိုးခု ကိုသုံးကာ ပြစ်မှုပေါင်း ၁၇၅ မှုအတွက် တရားစွဲခဲ့ခြင်းဖြစ်သည်။ တရားစွဲခံရသည့် အဓိက အကြောင်းအရင်းများ မှာ လှုံ့ဆော်မှု၊ သတင်းမှားဖြန့်ဖြူးမှု၊ လက်နက်ကိုင်ဆောင်မှုအပါအဝင် အကြမ်းဖက်စေရန် လှုံ့ဆော်မှုများ အဖြစ် တွေ့ရသည်။

တပ်မတော်၏ ဟန်ပြသက်သက် တရားရုံးများမှာ ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာ ဥပဒေများကိုပါ လျစ်လျူရှုထားသည့် အပြင်၊ တရားမျှတမှုဆိုင်ရာ စည်းမျဉ်းများကိုပင် လိုက်နာခြင်းမရှိပဲ ၊ သတင်းနှင့်ဂျာနယ်လစ် ၈၈ ဦးအပေါ် စုစုပေါင်း ထောင်ဒဏ် ၄၉၇ နှစ်ကို ချမှတ်ထားပြီး ဖြစ်သည်။ တချို့သော သတင်းနှင့်ဂျာနယ်လစ် အတွက် တစ်ဦးချင်းကို ၂၇ နှစ်အထိ ထောင်ဒဏ် ချမှတ်ထားသည်များလည်း ရှိ၏။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန် အထိတွင် အနည်းဆုံး သတင်းနှင့်ဂျာနယ်လစ် ၅၁ ဦးကို ဖမ်းဆီး ထောင်ချလိုက် ခြင်းဖြင့် သတင်း မီဒီယာလုပ်ငန်းများ လုပ်ဆောင် ရာတွင် အကြောက် တရားများ ဖြစ်ပေါ်စေခဲ့သည်။ ထိုလုပ်ရပ်များက မီဒီယာ လုပ်ငန်း၏ အရင်း အမြစ်များ နှင့် သတင်းနှင့်ဂျာနယ်လစ် တို့၏ သိက္ခာ၊ စွမ်းရည်နှင့် စိတ်ဓာတ်အပေါ် ဆိုးရွားစွာ ထိခိုက် စေခဲ့သည်။

သို့ရာတွင်၊ မြန်မာ ဂျာနယ်လစ်များနှင့် မီဒီယာများသည် ထိုသို့ အခက်အခဲများ ရှိသည့်ကြားမှ တပ်မတော်၏ ဖိနှိပ်မှုမှုနှင့် သတင်းမှန်များကို သိရှိနိုင်စေရန်အတွက် ပြည်သူလူထုအဖို့

ဆီလျော်သော သတင်း အချက်အလက်ဆိုင်ရာ စနစ်ကျရေ့ဆောင်မှု တစ်ရပ်ကို ပြန် တည်ဆောက်ကာ ရဲရင့်စွာဖြင့် ဆက်လက် အမှုထမ်းရွက်နေဆဲပင် ဖြစ်သည်။

ကုလသမဂ္ဂ အပါအဝင် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့များ အနေဖြင့် ဖမ်းဆီးခံထားရသော သတင်းနှင့် ဂျာနယ်လစ် များအတွက် ဒီမိုကရေစီ ပြန်လည်ရရှိရေး လှုပ်ရှားမှုများကို အောက်ဆီဂျင်ကဲ့သို့ အရေးပါသော အခန်းကဏ္ဍ တစ်ခုအဖြစ် ခိုင်မာစွာ မှတ်ယူပြီး ၎င်းတို့၏ တာဝန်နှင့်ကိုက်ညီသော ပံ့ပိုးမှုများအား ပိုမို အားဖြည့် ပံ့ပိုး ပေးရမည်သာ ဖြစ်သည်။ ယခုအချိန်သည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်များအပေါ် တပ်မတော်၏ ဖိနှိပ်ထိုးနှက်မှုများကို အဆုံးသတ်ရန် အတွက် တရားဝင် အစိုးရတစ်ရပ် တည်ဆောက်ရေးနှင့် အနာဂတ် ပြုပြင်ပြောင်းလဲ ရေးအစီအစဉ်များ ရေးဆွဲချမှတ်ရမည့် အချိန် လည်းဖြစ်နေပေသည်။

# နိဒါန်း

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းစကပင် မြန်မာ့တပ်မတော်သည် သတင်းစီးဆင်းမှုကို ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း မီဒီယာနယ်ပယ်သည် အာဏာသိမ်းမှုနှင့် တပ်မတော်အပေါ် ဆန့်ကျင်သည့် အသံများနှင့်သာ ပြည့်နေခဲ့သည်။ ၎င်းအခြေအနေတွင် အမှီအခိုကင်းသော မီဒီယာများနှင့် မျိုးဆက်သစ် ဂျာနယ်လစ်များသည် သတင်းလွတ်လပ်ခွင့် အသုံးပြုပြီး အမှန်တရားနှင့် လူထုဆန္ဒ အတွက် ရဲရင့်စွာ ဆောင်ရွက်ခဲ့ကြသည်။ အင်တာနက် အား တွင်ကျယ်စွာ သုံးရင်း အချက်အလက်များကို မြန်ဆန်ပြီး၊ ကွဲပြားကာ ယုံကြည်စိတ်ချရသော အနေအထားဖြင့် ပြည်သူများထံ တင်ဆက် ချပြနိုင် ခဲ့ကြသည်။

တပ်မတော်၏ တုံ့ပြန်မှုသည် မျှော်လင့်ထားသည့်အတိုင်း ရက်စက်ကြမ်းကြုတ်စွာ ဥပဒေကြောင်းအရ တရားမျှတမှု မရှိသော နည်းလမ်းဖြင့် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ သတင်းမီဒီယာအများအပြားကို ပိတ်ပင်ခြင်း၊ ဂျာနယ်လစ်များးကို အခြေအမြစ်မဲ့ တားမြစ် ဖမ်းဆီးကာ၊ ၎င်းတို့၏လက်အောက်ခံ ဟန်ပြ တရားရုံးများတွင် နှိပ်စက် ဖိနှိပ်နိုင်သော ဥပဒေများဖြင့် စွဲချက်တင်ပြီး နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ အကြမ်းဖက်မှုနှင့် ညှဥ်းပန်းနှိပ်စက်မှုများ အများအပြား ဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်တို့အပါအဝင် လူ့အခွင့်အရေးများကို လေးစား လိုက်နာမှုမရှိဘဲ နိုင်ငံတကာနှင့်

ပြည်တွင်းဥပဒေပါ တာဝန်များကို တမင်တကာ ပျက်ကွက် ခြင်းဖြင့် လျစ်လျူရှု ပစ်ခဲ့သည်။[၁] နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ယင်းကာလအတွင်း အမြင့်ဆုံးအဆင့်ထိ စိုးရိမ်ပူပန်မှုများ ကို ဖော်ပြခဲ့ကြသည်။[၂]

သို့သော် အာဏာသိမ်းမှု၏ နောက်ဆက်တွဲ ဖိနှိပ်မှုများ ဆက်လက် ဖြစ်ပွား လာသည်နှင့်အမျှ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ အတွက် အချက်အလက် အရင်းအမြစ်ရရှိနိုင်မှု နည်းပါး လာခဲ့သည်။[၃] နစ်နာ ထိခိုက်မှုရှိသည့် ဂျာနယ်လစ်များ၏ အရေအတွက်နှင့် အခြေအနေ အကျဉ်းကိုသာ ဖော်ပြ နိုင်ရုံအပြင်၊ ထို့ထက်ပို၍ ခိုင်မာသော ခွဲခြမ်းစိတ်ဖြာမှုများ လုပ်ဆောင် ရန်မှာမူ အခက်အခဲ ရှိလာသည်။ ဤအစီရင်ခံစာသည် အာဏာသိမ်းပြီး သုံးနှစ်အကြာတွင် ဂျာနယ်လစ်များ၏ လွတ်လပ်မှု ဆုံးရှုံးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းစွာ ဖော်ပြရန် ရည်ရွယ်ထားပြီး၊ အရပ်ဘက်အဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာမှုများနှင့် တရားဥပဒေ ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများကို အခြေခံကာ ရေးသားပြုစုကာတင်ပြ ထားခြင်းဖြစ်သည်။ ဤသုတေသန အစီရင်ခံစာ၏ ပထမပိုင်းတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အထိ ကာလအတွင်း ဥပဒေပိုင်းနှင့် ဆက်စပ်လျက်ရှိသည့် ဂျာနယ်လစ်များ၏ အမှုအခင်းများကို လေ့လာဆန်းစစ် ထားသည်။ ဒုတိယပိုင်းတွင် အမျိုးသမီး ဂျာနယ်လစ်များ၏ အခြေအနေများ ကို ခွဲခြမ်းစိတ်ဖြာပြ ထားသည်။ တတိယပိုင်း တွင် သတင်းမီဒီယာ လုပ်ငန်းများ အပေါ် သက်ရောက် မှု ရှိသည့် ရလဒ်များကို အကြမ်းဖျင်း ဖော်ပြထားသည်။ အစီရင်ခံစာသည် လွတ်လပ်ခွင့် ဆုံးရှုံးမှုကို အဓိက ပြုစု ဖော်ပြထားသော်လည်း၊ စာမျက်နှာ ၁၉ တွင် မြန်မာနိုင်ငံ တပ်မတော် အာဏာပိုင်များ လက်ထဲတွင် ဂျာနယ်လစ်များ ကြုံတွေ့ခဲ့ရသည့် တခြားသော လူ့အခွင့်အရေး ချိုးဖောက်မှု များကိုလည်း အကျဉ်းသဘော ထည့်သွင်း ဖော်ပြထားသည်။

---

[၁] မြန်မာနိုင်ငံသည် နိုင်ငံရေး နှင့် နိုင်ငံသား အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်သည့် အဖွဲ့ဝင် နိုင်ငံမဟုတ်သော်လည်း ဂျီနီဗာကွန်ဗင်းရှင်းတွင် ပါဝင်သော နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အောက်ရှိ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်သည်။ ထိုကြေညာစာတမ်း၏ အချို့အပိုင်းများ ကို နိုင်ငံတကာ ဥပဒေနှင့်အညီ တရားဝင် ကျင့်သုံးရမည့် တာဝန်ရှိလာပြီ ဖြစ်သည်။ လွပ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်အပေါ် နိုင်ငံတကာစံနှုန်းများကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁) ထုတ်ပြန်သော “အထွေထွေ မှတ်ချက် အမှတ် ၃၄” တွင် ရှင်းလင်းဖော်ပြခဲ့သည်။ ၎င်း၏ ၇ ပုဒ်မတွင် နိုင်ငံ ၏ အစိတ်အပိုင်းအားလုံးတွင် ယင်းစံနှုန်းများ အကျုံးဝင်သည်ဟု ဖော်ပြထားသည်။

[၂] ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (၂၀၂၂)၊ "ဆုံးဖြတ်ချက် ၂၆၆၉

[၃] ဥပမာအားဖြင့် Reporting ASEAN သည် ၎င်း၏အစီအစဉ် ပိတ်သိမ်းသည့်အထိ ဒေတာများကို ထုတ်ပြန်ခဲ့သည်။

## သုတေသနနည်းလမ်းများ

ဤသုတေသန အစီရင်ခံစာသည် ဖေဖော်ဝါရီ ၂၀၂၁ မှ ဖေဖော်ဝါရီ ၂၀၂၅ အထိ အကာလတွင် ဖြစ်ပွားခဲ့သည့် အမှုဖြစ်ရပ်များကို သတင်းမီဒီယာဆိုင်ရာ လေ့လာ စောင့်ကြည့်မှုများ ၊ အဓိက သုတေသနဆိုင်ရာ သက်သေများကို ဆွေးနွေးမေးမြန်းထားချက်များ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း ၁၀ ခု အပါဝင်၊ အစိုးရ နှင့် ပူးတွဲ ဆောင်ရွက်သည့် အဖွဲ့အစည်း ၁ ခု တို့မှ စာရင်းနှင့် အချက်အလက်များကို ကောက်ယူအခြေခံကာ ပြုစုထား ခြင်းဖြစ်သည်။[၄] ဥပဒေအရဖြစ်စေ၊ တပ်မတော်၏ တရားရုံးများကဲ့သို့ ဥပဒေပြင်ပမှ စီရင်သော အမှုများကို ဖြစ်စေ မျှတစွာ အတည်ပြု စစ်ဆေးနိုင်သမျှ စီစစ်မှုများ ပြုလုပ်ခဲ့သည့် အပြင်၊ အမှုနှစ်ခုထပ်ကာ စာရင်းဝင်နေသည်များနှင့် နမူနာရွေးချယ်မှု အမှားများကို ဖယ်ရှားခြင်း၊ ရှေ့နောက် မညီညွတ်သည် များကို သုတေသန အချက်အလက် စီစစ်မှုများ အထပ်ထပ် လုပ်ဆောင်ခဲ့သည်။[၅] လွတ်လပ်ခွင့် ဆုံးရှုံးရမှုများ အားလုံးကို ဥပဒေ လုပ်ထုံးလုပ်နည်း အရလုပ်သည်ဖြစ်စေ၊ လုပ်ထုံးလုပ်နည်း ပြင်ပမှလုပ် သည်ဖြစ်စေ ထည့်သွင်း သုံးသပ်ခဲ့ သည်။

"ဂျာနယ်လစ်" ဆိုသည်ကို အဓိပ္ပါယ် သတ်မှတ် ရာတွင် နိုင်ငံတကာစံနှုန်းများအရ ကျယ်ပြန့်စွာ ဖွင့်ဆို ဖော်ပြထားသည်။ သတင်း ရှာဖွေ တင်ဆက်သည့် လုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် အ ခြေခံအဆင့်မှ သတင်း အလုပ်အား ပံ့ပိုးနေသူ မည်သူမဆိုအား ယင်းအဓိပ္ပါယ် အတွင်း ထည့်သွင်း စဉ်းစားခဲ့သည်။[၆] ထို ဖွင့်ဆိုသတ်မှတ်ချက်တွင် ကိုယ်တိုင် ကိုယ့်ကိုယ်ကို ဂျာနယ်လစ်ဟု ကြေညာသည့်သူများ၊ သို့မဟုတ် အခြားသူများက (သေးငယ်သည့် အုပ်စုတစ်စုမှ ပင်ဖြစ်စေ) ဂျာနယ်လစ် အဖြစ် အသိအမှတ်ပြု ခံရသူများ အားလုံးပါဝင်သည်။ သူတို့သည် လွတ်လပ်သော မီဒီယာအဖွဲ့အစည်းနှင့် ဆက်စပ်နေမှုရှိမရှိ၊ တပ်မတော်ထောက်ခံသည့် မီဒီယာနှင့် ဆက်စပ်နေမှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ၊ မည်သည့် မီဒီယာအဖွဲ့နှင့်မှ မဆက်နွယ်သော (အလွတ်တမ်း သို့မဟုတ် "ပြည်သူ့ ဂျာနယ်လစ်") များကိုပါ သတင်းမီဒီယာသမား အနေဖြင့်

[၄] နိုင်ငံတကာနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်းများပါဝင်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို လုံခြုံရေးအရ အမည်မဖော် ပြထားပါ။ အစိုးရ အကြား ပူးပေါင်း ဆောင်ရွက်သည့် အရင်းအမြစ် အနေနှင့် ဤအစီရင်ခံစာေးသားသူ JM McElhone နှင့် မြင့်ကျော်၊ ထို့အပြင် Grace Thu တို့က ပါဝင်၍ UNESCO (၂၀၂၁) ထုတ်ဝေသော "အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ ဂျာနယ်လစ်များနှင့် မီဒီယာအလုပ်သမားများအား ဖိနှိပ်မှု" ဟု ခေါင်းစဉ်နဲ့ ကန့်သတ်ဖြန့်ဝေသည့် သုတေသနကို ဆောင်ရွက်ခဲ့သည်။

[၅] ICNL သည် လူ့အခွင့်အရေး ကာကွယ်ရာတွင် ဂျာနယ်လစ်များ၊ မီဒီယာများနှင့်အတူ တညီတညွတ်တည်း ရပ်တည်လျက် ပြီး အစီရင်ခံစာတွင် ပါဝင်ပေးကြသော ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါသည်။

[၆] ုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "အထွေထွေမှတ်ချက်အမှတ် ၃၄"၊ အပိုဒ် ၄၄။

ထည့်သွင်းကာ “ဂျာနယ်လစ်"ဟုပင်  သတ်မှတ် ခဲ့သည်။ ထို့ပြင် ဂျာနယ်လစ်ဟု သံသယဖြင့် ဖမ်းဆီး ထောင်ချ ခဲ့ခြင်း ဖြစ်နိုင်သည့် ဂျာနယ်လစ်ဟောင်း တစ်ချို့ကို လည်း သတင်း မီဒီယာသမား အနေဖြင့်ပင် ထည့်သွင်းကာ “ဂျာနယ်လစ်"ဟုပင် သတ်မှတ်  ခဲ့သည်။

ဂျာနယ်လစ်တစ်ဦးချင်းစီ၏ အမှုအခြေအနေများကို ဒေတာအချက် ၆၁ မျိုးအောက်တွင် သီးခြားစီသုံးသပ်ခဲ့ပြီး၊ ထို့နောက် လိင်သဘာဝ ကွဲပြားနေမှု အခြေပြု ခွဲခြမ်းစိတ်ဖြာ သုတေသန နည်းဖြင့် ထပ်မံစစ်ဆေးသုံးသပ်ခဲ့သည်။ ဤသုတေသန အစီရင်ခံစာတွင် အတိုင်းအတာကို ဖော်ပြရန် ကိန်းဂဏန်းများကို အသုံးပြုခဲ့ပြီး၊ အချက်အလက် များနှိုင်းယှဉ်ရာတွင် အနီးစပ်ဆုံး ညှိနှိုင်းတွက်ချက်များ သိသာထင်ရှား စေရန်မူကား %များကို အသုံးပြုခဲ့ပါသည်။

# ဂျာနယ်လစ် ၂၂ ဦး ဖမ်းဆီးခံထားရခြင်း

မြန်မာ့တပ်မတော်သည် ၄င်းတို့၏ ဖိနှိပ်ဖြိုခွဲမှုများမှ ပြည်သူများအား အာရုံလွှဲရန်နှင့် လူထု၏ ဆန့်ကျင် မှုများနှင့် အုံကြွမှုများကို ဟန့်တားရန်အတွက် သတင်းစီးဆင်းမှုစနစ်ကို ချုပ်ကိုင် လိုသောကြောင့် ဂျာနယ်လစ် အများအပြားကို ဖမ်းဆီးခဲ့သည်။

မြန်မာနိုင်ငံသည် အာဏာသိမ်းပြီး နောက်ပိုင်းကာလမှ စတင်ကာ ဂျာနယ်လစ် များကို ဖမ်းဆီး ထိန်းသိမ်း သည့် ဒီကိစ္စ နှင့် ပတ်သက်လျှင် ကမ္ဘာ့အဆိုးဆုံးနိုင်ငံတစ်ခုအဖြစ် ယနေ့အထိ ဆက်လက် ရပ်တည် လာခဲ့ံသည်။၇ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လေ့လာမှုအရ၊ အကြိမ်ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခံရသည့် ဂျာနယ်လစ် ၁၁ ဦးအပါအဝင်၊ အနည်းဆုံး ဂျာနယ်လစ် ၂၂ ဦးမှာ ၎င်းတို့၏ လွတ်လပ်ခွင့်ကို ဆုံးရှုံးခဲ့ရကြောင်း တွေ့ ရှိရသည်။ ဤ အခြေအနေသည် လက်လှမ်းမီသလောက်အနည်းစုကိုသာ မှတ်တမ်းယူ တွက်ချက်ထားရဖွယ်ရှိပြီး၊ အချို့သော မှတ်တမ်းတင်ရန် လက်လှမ်းမမှီ လောက်သည့် ဖမ်းဆီး နှောင်ချုပ်မှုများလည်း ရှိနိုင်သလို၊ အများသူငှာ၏ မြင်ကွင်းမှ ရည်ရွယ်ချက်ရှိရှိ ဖျောက်ဖျက်ခံ

၇ ဂျာနယ်လစ်များးကာကွယ်စောင့်ရှောက်ရေးကော်မတီ (Committee to Protect Journalists) မှ (၂၀၂၁) တွင် “ထောင်ချခံနေရသည့် ဂျာနယ်လစ်၃၀၂ ဦး” ဟု ထုတ်ပြန်ခဲ့ပြီး၊ (၂၀၂၂) တွင် “ထောင်ချခံနေရသည့် ဂျာနယ်လစ်၃၆၃ ဦး” ဟု ထပ်မံ ထုတ်ပြန်ခဲ့သည်။

ထားရသည့် အမှုများလည်း များစွာပင် ရှိနေနိုင် ပါသည်။[၇] ထိုအစု လိုက်အပြုံလိုက် ဖမ်းဆီး ချုပ်နှောင်မှု များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ပြင်းထန်စွာ အသံတိတ် အေးခဲ သွားစေ သည့်အပြင်၊ ယေဘုယျအားဖြင့် ဂျာနယ်လစ် များအပါ အဝင် သဘောထား ကွဲလွဲသူများမှာ သတင်းပါ အကြောင်းအရာများကို မိမိကိုယ်တိုင်ပင် ဖြတ်တောက်ပြင်ဆင်လိုက်ရခြင်း၊ လျှို့ဝှက် ပုန်းခို နေထိုင်ရခြင်း သို့မဟုတ် မြန်မာနိုင်ငံမှပင် ရှောင်တိမ်းထွက်ခွာရခြင်းများ ပြုလုပ်ရသည်ထိ ရိုက်ခတ် သက်ရောက်မှု ရှိလာခဲ့သည်။

| နှစ်အလိုက် ဖမ်းဆီးခံထားရမှုများနှင့် ရာခိုင်နှုန်း အရ ဖမ်းဆီးခံနေရဆဲ ဂျာနယ်လစ်များ၏ အခြေအနေ | | | |
|---|---|---|---|
| | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃-၂၀၂၅ |
| ဖမ်းဆီးခံရမှုရှိသည့် အခြေအနေ | ၆၈% | ၂၀% | ၁၂% |
| ကို ထိန်းသိမ်းထားရှိနေဆဲဖြစ်သည်။ | ၁၂% | ၇ % | ၈ % |

## လောလောဆယ် ဖမ်းဆီးထားခြင်းခံနေရသော ဂျာနယ်လစ် ၅၁ ဦး၏ အခြေအနေ။

တပ်မတော် သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျာနယ်လစ် ၅၁ ဦးကို ဖမ်းဆီးထိန်းသိမ်း ထား သည်။ ဤအခြေအနေ အရ အတိအကျ မသိရသေးသည့် စွဲချက်များဖြင့် ဖမ်းဆီးခံထားရသူ ဂျာနယ်လစ် ၇ ဦး (၁၄ %)၊ တရားစွဲချက်များ နှင့် ရင်ဆိုင်နေရသူ ဂျာနယ်လစ် ၃ ဦး (၆ %) နှင့် ပြစ်ဒဏ် ချမှတ်ခံ ထားရသူ ဂျာနယ်လစ်၄၁ ဦး (၈၀ %) တို့ ပါဝင်သည်။

[၇] မိသားစုများနှင့် မီဒီယာအဖွဲ့အစည်းများအနက် တစ်ချို့သည် သတင်းထုတ် မပြန်ကြ ချေ။ အမှု အခြေအနေ ပိုမိုဆိုးရွားလာနိုင်သည်ဟု ယုံကြည်ခြင်း၊ သက်ဆိုင်သူ၏ ဝှက်ထားလိုသည့် အလုပ်မှတ်တမ်းများကို ကာကွယ်လိုခြင်း၊ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များကို အနည်းဆုံး ပြစ်ဒဏ်ဖြင့် ဆောင်ရွက်လာ စေရန် အပေါ်ယံဖြေရှင်းမှုများ (ဥပမာ- လာဘ်ပေးဆောင်ခြင်း အစရှိသည် တို့ ) ပြုလုပ်လိုခြင်းတို့ ကြောင့် ဖြစ်နိုင်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဖမ်းဆီးခံထားရသော ဂျာနယ်လစ် ၄၀ မှ ၆၀ အထိရှိနေသည်ဟု အခြားသော မီဒီယာ စောင့်ကြည့် လေ့လာသူများက အစီရင်ခံကြသည်။[၉] စောင့်ကြည့်လေ့လာမှု တစ်ခုစီ၏ စာရင်းများသည် မတူညီပါ။ တစ်ခုတွင် ပါဝင်သော အချို့သောပုဂ္ဂိုလ်များသည် အခြားစာရင်းများတွင် ပျောက်ဆုံးခြင်း သို့မဟုတ် ဖယ်ထုတ်ခံရခြင်းဖြစ်သည်။ [၁၀]သတင်းအချက် အလက် မပြည့်စုံခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများကြောင့် အထောက်အထားများနှင့် အခြေအနေများကို အတည်ပြုရာတွင် စိန်ခေါ်မှုများ ရှိခဲ့ပါသည်။ နည်းစနစ်ပိုင်းဆိုင်ရာ ကွဲပြား မှုများ လည်း ရှိခဲ့ပါသည်။ ဥပမာအားဖြင့်၊ အချို့သောစောင့်ကြည့်သူများက တပ်မတော် ကိုလိုလား သူ' ဟု ၎င်းတို့ သဘောထားသော ဂျာနယ်လစ်များကို ဂျာနယ်လစ်စာရင်းမှ ဖယ်ထုတ်ခဲ့ပါသည်။ ICNL သည် နိုင်ငံတကာ စံနှုန်းများကို ကျင့်သုံးကာ အတည်ပြုမှုအတွက် အပြန်အလှန် စစ်ဆေးခြင်းကို ဦးစားပေးခဲ့ပါသည်။ ဥပမာအားဖြင့်၊ အောက်ပါ ပုံပြစာရင်း တွင် လက်ရှိ ထိန်းသိမ်း ခံထားရသည့် ဂျာနယ်လစ်များ အရေအတွက် ကို ဖော်ပြ ထားပြီး၊ အမှု အများစုကို သတင်း ရင်းမြစ် သုံးခု သို့မဟုတ် ထို့ထက်ပိုသော သတင်းရင်းမြစ် ဖြင့် (၉၄%) တိုက်စစ် အတည်ပြု ပေးထားသည်။ [၁၁] တစ်ဦးချင်းစီ၏ အမှုအဆင့်ပေါ်မူတည်၍ အနည်းငယ် ကွဲပြားမှု ရှိကြောင်း တွေ့ရသည်။ အောက်ပါ ပုံပြ စာရင်းတွင် သတင်းရင်းမြစ်နည်းသော အမှုများမှာ အသစ် ဖြစ်သော အမှုများဖြစ်သည်။

---

[၉]မိတ်ဖက် လူမှုအဖွဲ့အစည်းများ ဖြစ်သည့် (NGOs နှင့် CSOs) ၈ ဖွဲ့၊ နိုင်ငံတကာမဟာမိတ်လူမှုအဖွဲ့အစည်းများ (INGOs) ၅ ဖွဲ့နှင့် အစိုးရအဖွဲ့အစည်းတစ်ဖွဲ့ မှ စုစည်းထားသည့် အချက်အလက်များ အခြေခံပြီး အမှု အခြေအနေဖော်ပြချက်များ ပြုစုမှု ထား သည်။

[၁၀]စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် မိမိတို့၏ မူပိုင်စံနှုန်းများနှင့် သုတေသန နည်းလမ်းစနစ်များကို အသုံးပြုခဲ့ပြီး၊ တချို့က မခိုင်မာသည့် သေးသော ဖွင့်ဆိုသတ်မှတ်ချက်များကို အသုံးပြု ထားသည်များ ခဲ့သည်။ ပရော်ဖက်ရှင်နယ်အမြင်နှင့် ပု ပုဂ္ဂိုလ်ရေးအချိပ်အဆက် များအပေါ် မူတည်မှု များစွာရှိခဲ့သည်။ အချို့ စောင့်ကြည့်ရေးသမားများက တခြား စောင့်ကြည့်ရေးသမားများ၏ အချက်အလက်များကို တစ်ဖက်သတ် ပုံအောအားကိုးခဲ့ပြီး ထပ်မံစစ်ဆေးမှု မပြုခဲ့သော အခြေ အနေများလည်းရှိခဲ့သည်။လုံခြုံရေး ပူပန်ရမှုများနှင့် သတင်းပိတ်ဆို့မှုများကြောင့် သုတေသန လုပ်ငန်းများ ခက်ခဲခဲ့သည်။ အန္တရာယ်ရှိသဖြင့်တစ်ရပ်မှာ တစ်ချို့သော ပုဂ္ဂိုလ်များကို မပါဝင်စေခြင်း သို့မဟုတ် ကျော်လွှားချန် ထားခြင်းများလည်း ရှိနိုင် သည်။

[၁၁] သတင်းမီဒီယာအဖွဲ့ အစည်းတစ်ခုခုနှင့် မသက်ဆိုင်သည့် ဂျာနယ်လစ်များ (ဥပမာ- အလွတ်တန်း ဂျာနယ်လစ်များ၊ တသီးပုဂ္ဂိုလ ဂျာနယ်လစ်များသို့မဟုတ် "ပြည်သူ့ဂျာနယ်လစ်" များ ကို ထပ်မံစစ်ဆေး အတည်ပြုရန်ပိုမိုခက်ခဲခဲ့သည်။ လုပ်ငန်းအတွက် အလုပ်ပေးသူ သို့မဟုတ် လက်တွဲလုပ်ဖော်ကိုင်ဖက် မရှိသဖြင့် ချိပ် ပေးနိုင်မည့် ကွန်ယက်များ နည်းပါးခြင်း ဖြစ်သည်။ "ပြည်သူ့ဂျာနယ်လစ်"ဆိုသည်မှာ အာဏာသိမ်းမှုမတိုင်မီ ဂျာနယ်လစ်မဖြစ်ခဲ့သော်လည်း အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင်း သတင်း ထုတ်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်လာသည့် တချို့သော သူများ၊ သတင်း သင်တန်း ကျကျနန မတက်ရောက်ခဲ့သူများ၊ သို့မဟုတ် မီဒီယာအဖွဲ့ တစ်ခုခု နှင့် တရားဝင်စာချုပ်ဖြင့် မရှိသူများကို ဖော်ပြရာတွင် အသုံးပြုသည်။

| **ဂျာနယ်လစ်များအား ဖမ်းဆီးထိန်းသိမ်းမှုများကို အရင်းအမြစ် ၃+ ခု မှ အတည်ပြုထားခြင်း** |
| --- |
| အမည်မသိရ စွဲချက်ဖြင့် ဖမ်းဆီးခံထားရသည့် ၇ ဦး |
| ၈၆% အရင်းအမြစ ၃+ မှ အတည် ပြုထား — ၁၄% အရင်းအမြစ် ၃+ မှ အတည် မပြုထား. |
| အမည်သိရသော စွဲချက် စွဲချက် တင်ခံထားရသည့် ၃ ဦ |
| ၆၆% အရင်းအမြစ ၃+ မှ အတည် ပြုထား — ၃၃% အရင်းအမြစ် ၃+ မှ အတည် မပြုထား. |
| ပြစ်ဒဏ် ခံနေရသူ ၄၁ ဦး |
| ၉၈% အရင်းအမြစ ၃+ မှ အတည် ပြုထား — ၂% အရင်းအမြစ် ၃+ မှ အတည် မပြုထား. |
| စုစုပေါင်း ဖမ်းဆီးခံရသူ ၅၁ ဦး၊ |
| ၉၄၈% အရင်းအမြစ ၃+ မှ အတည် ပြုထား — ၆% အရင်းအမြစ် ၃+ မှ အတည် မပြုထား. |

## မတရား ဖမ်းဆီး ချုပ်နှောင်မှု

ဂျာနယ်လစ်များနှင့် ပတ်သက်သည့် အမှု အများစုမှာ မတရားသော ဖမ်းဆီးမှုများဖြစ်ပြီး၊ ထိုသို့ ဖမ်းဆီး ချုပ်နှောင်ခြင်းများ သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်၌ လူ့လွတ်လပ်ခွင့်ကို ချိုးဖောက် ခြင်း ဖြစ်သည်။[၁၂] ဖမ်းဆီးခံရသည့် ဂျာနယ်လစ်များအား ဖမ်းဆီးရသည့် အကြောင်းအရင်း များကို ထုတ်ဖော် ပြောကြားခြင်း လည်းမရှိ၊ တရားဝင်ပြီး ခိုင်မာသည့် အခြေခံ အကြောင်းအချက် မရှိဘဲ ချုပ်နှောင်ထားခြင်းများဖြစ်သည်။ အချို့သော အမှုများတွင် တရားမဝင်သော သို့မဟုတ် မလုံလောက် သော အကြောင်းပြချက်များဖြင့်ပင် ဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့ကြသည်။ ဂျာနယ်လစ် များ၏ တရားဝင် အခွင့်အရေးများအား လေးစား ခြင်း မရှိသည့်အပြင် အထူးသဖြင့် တရားရေး လမ်းကြောင်းအရ ဆောင်ရွက်ခွင့်၊ တရားသူကြီးရှေ့ မှောက် သတ်မှတ် ထားသော အချိန်အတွင်း ပို့ဆောင် ရမည့် အခွင့်အရေး များကိုပင် မပေးခဲ့ကြပေ။ ကုလသမဂ္ဂကမှု ထိုသို့

[၁၂] နိုင်ငံရေး နှင့် နိုင်ငံသား အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်၊ အပိုဒ်။ ၉။

မတရား ဖမ်းဆီးမှုများကို“လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ချိုးဖောက်သည့် ရာဇဝတ်မှု” ဟု သတ်မှတ် ဖော်ပြထားသည်။ [၃၃]ထို့အပြင်၊ အချို့သောကိစ္စရပ်များတွင် ယင်းသို့ မတရား ချုပ်နှောင်ခြင်းသည် စစ်ရာဇဝတ်မှုပင် မြောက်သည်ဟု ထည့်သွင်း သတ်မှတ်ထား ကြသည်။[၃၄]

တပ်မတော်သည် ဂျာနယ်လစ်များအား ဖမ်းဆီးထိန်းသိမ်းသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် နိုင်ငံတကာ စံနှုန်းများကို မလိုက်နာခဲ့ သကဲ့သို့၊ မြန်မာနိုင်ငံ၏ ကိုယ်ပိုင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ကိုလည်း လိုက်နာခဲ့ခြင်း မရှိခဲ့ပါ။ [၃၅]ဖမ်းဆီးခံ ထားရသော ဂျာနယ်လစ်များကို တရားနည်းလမ်းကျသော အချိန်ကာလအတွင်း တရားရုံးသို့ တင်ပြလေ့ပင် မရှိခဲ့သလို၊ ၎င်းတို့ကို ရှေ့နေများနှင့် တွေ့ဆုံခွင့်လည်း မပြုခဲ့ပေ။ ဖမ်းဆီး ခံလာရသည့် ဂျာနယ်လစ်များအား ရဲစခန်းများတွင် ချုပ်နှောင်ထား လေ့ရှိပြီး ၊ ထိုမှတဆင့် စစ်ကြောရေး စခန်းများသို့ သာ ခေါ်ဆောင်သွား လေ့ရှိ သည်။ မိသားစုဝင်များနှင့် လုပ်ဖော် ကိုင်ဖက်များသည် ၎င်းတို့၏ နေရာ သို့မဟုတ် ဖမ်းဆီးခံရသည့် အကြောင်း အရင်းကိုပင် မသိရှိနိုင်ခဲ့ကြပါ။ ဂျာနယ်လစ် တစ်ဦးချင်းစီ အား စစ်ကြောရေး စခန်းများတွင် ၂ ရက်မှ ၁၄ ရက် အထိ ထိန်းသိမ်း ပြီးနောက် ထောင်သို့ လွှဲပြောင်းထားလေ့ရှိသည်။ ဖမ်းဆီးထောင်ချခံထားရသော ဂျာနယ်လစ်များကို နိုင်ငံရှိ နေရာအနှံ့ တွင် အကျဉ်းချထားလေ့ရှိပြီး၊ ၎င်းတို့ အနက် ၃၃ %သည် ရန်ကုန်ရှိ အင်းစိန်အကျဉ်းထောင်တွင်လည်းကောင်း၊ အိုးဘို အကျဉ်း ထောင် (မန္တလေးမြို့)၊ မြစ်ကြီးနား အကျဉ်းထောင် (ကချင်ပြည်နယ်)၊ ပုသိမ်အကျဉ်းထောင် (ဧရာဝ တီတိုင်း)၊ တောင်လေးလုံး အကျဉ်းထောင် (ရှမ်းပြည်နယ်)နှင့် သာယာဝတီ အကျဉ်းထောင် (ပဲခူးတိုင်း)တို့တွင်လည်းကောင်း စုစုပေါင်း ၂၇ %ခန့်အား ထိန်းသိမ်းထားသည် ။

ဂျာနယ်လစ် အချို့၏ မိသားစုဝင်များကိုလည်း တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဂျာနယ်လစ်များအား သတင်းမှန်ရ ယူမှုကို ရပ်တန့်စေခြင်း၊ သို့မဟုတ် တပ်မတော်၏ အလိုကျ အတိုင်း ဝန်ခံလာစေရန် ဖိအားပေးသည့် ရည်ရွယ်ချက်ဖြင့် လုပ်ခြင်းဖြစ်သည်။ အနည်းဆုံး အမှုနှစ်ခုတွင် ဂျာနယ်လစ်များ၏ ကလေးများကို ဖမ်းဆီးကာ ရက်အနည်းငယ်ကြာ စစ်ဆေး မေးမြန်း ခြင်းပြုခဲ့

---

[၃၃] ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (၂၀၁၂) ထုတ်ပြန်သည့် “ဖော်ပြချက်၏ လွတ်လပ်ခွင့်အပေါ် ရာဇဝတ်မှုများဆိုင်ရာ ပူးတွဲကြေညာချက်”။

[၃၄] ကြည့်ရန် — ရောမ  အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံး  ပဋိညာဉ်၊ (Rome Statute of the International Criminal Court) ထဲရှိ ပုဒ်မ ၈ တွင် စစ်ရာဇဝတ်မှုများ၊ ပုဒ်မ ၇ တွင် လူသားတို့အပေါ် ရာဇဝတ်မှုများနှင့် ဆိုင်သောအကြောင်းအရာများ ဖော်ပြထားသည်။ ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ (၂၀၁၁) ထုတ်ပြန်ခဲ့သည့် "အထွေထွေမှတ်ချက် အမှတ် ၃၄" ၏ ၂၃ ပုဒ်ကိုလည်း ကြည့်နိုင်သည်။

[၃၅]  တပ်မတော် အုပ်ချုပ်မှုအောက်ရှိ တရားရေးစနစ်အကြောင်း ပိုမိုသိရှိလိုပါက Free Expression Myanmar (၂၀၂၃) ထုတ်ပြန်ခဲ့သည့် “မြန်မာတပ်မတော်၏ 'တရားရေးစနစ်'” ကို လေ့လာနိုင်သည်။

သည်။[၁၆] ထို့အပြင်၊ ဂျာနယ်လစ်များက တပ်မတော်၏ အလိုသို့လိုက်ပြီး ဝန်ခံမှုမရှိလျှင် သို့မဟုတ် အခြား ဂျာနယ်လစ်များ၊ သတင်းရင်းမြစ်များနှင့် ကွန်ရက်များနှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်း မရှိ ပါက ၎င်းတို့၏ မိသားစုဝင်များအား ထိခိုက်စေမည်ဟု တပ်မတော်မှ ခြိမ်းခြောက်ခဲ့သည်။[၁၇]

## သတင်နှင့်စာနယ်ဇင်းနယ်ပယ် သို့ ပစ်မှတ်ထားခြင်း

တပ်မတော်က အာဏာသိမ်းမှုကို ဝေဖန်သည့် မီဒီယာများကို နှိမ်နင်းရန် ရည်ရွယ်ပြီး ဂျာနယ်လစ်များကို မတရား ဖမ်းဆီးခြင်းများကို နည်းလမ်းသဖွယ် အသုံးပြုခဲ့ ခြင်းဖြစ်သည်။ အောက်ပါဇယားအရ လွတ်လပ်ခွင့် ဆုံးရှုံးခဲ့သော ဂျာနယ်လစ်များ ဖမ်းဆီးခံရသော အမှု အများစုက ဂျာနယ်လစ်ဖြစ်သည့် အတွက်ပင် တိုက်ရိုက်ပစ် မှတ်ထား၍ ထိန်းသိမ်းခဲ့သည်ဟု ထင်ရှားနေပြီး ၊ % အားဖြင့် ၆၉ % ရှိသည် ။[၁၈] ထိုသို့ မထင်ရှားသည့်တိုင် အမှုများ၏ ၂၅%တွင် ဂျာနယ်လစ်ဖြစ် သောကြောင့် ဖမ်းဆီးခံရခြင်းဟု သံသယဖြစ် ဖွယ်တော့ ရှိသည်။ [၁၉] သတင်းရေးရာနှင့် မသက်ဆိုင်သောအကြောင်းပြချက်ဖြင့် ဖမ်းဆီးခြင်းကို အတည်ပြုနိုင်သည့် အမှုများမှာ ၆% အနည်းငယ်သာ ဖြစ်သည်။[၂၀]

တပ်မတော်သည် အကြမ်းဖက်နှိမ်နင်းမှုများအကြောင်း သတင်းများ ပြည်သူထံ မဖြန့်ဝေစေရန် အတွက် ဆန္ဒပြမှုများနှင့် တိုက်ပွဲများကို မှတ်တမ်းတင်နေသော ဂျာနယ်လစ်များကို မတရားစွာ ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံခဲ့သော ဂျာနယ်လစ်များ၏ (၅၀%) သည် တပ်မတော်ကို ဆန့်ကျင်သော ဆန္ဒပြပွဲများကို တိုက်ရိုက် သတင်းလိုက်နေစဉ် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့၏ နေအိမ်များတွင် ရှာဖွေဖမ်းဆီးစဉ် (၂၅%)၊ ရုံးများတွင် (၄%) ဖမ်းဆီးခဲ့သည်။ ထို့ပြင် ရဲစခန်းသို့ ခေါ်ယူ ဖမ်းဆီးခံခဲ့သော ဂျာနယ်လစ်များလည်း (၅%) ရှိသည်။ စုစု ပေါင်းလူဦးရေနှင့် နှိုင်းတွက်ချက်ပါက ပဋိပက္ခ

[၁၆] မြန်မာနောင်း (၂၀၂၁) ထုတ်ပြန်ခဲ့သည့် "ရန်ကုန်တွင် ဂျာနယ်လစ်၏ ၇ နှစ်အရွယ် သမီးကို တပ်မတော်မှ ဖမ်းဆီးစစ်ဆေးခဲ့" သတင်း။

[၁၇] လွပ်လပ်တဲ့ အာရှ အသံ (၂၀၂၃) ထုတ်ပြန်ခဲ့သည့် "စစ်ဆေးရေးအခန်း၏ ငရဲကမ္ဘာကို ဖြတ်ကျော်ခဲ့ရသော ဂျာနယ်လစ်" ။

[၁၈] ဖြစ်နိုင်သည်မှာ အမှုဖွင့်ရန် တရားဝင် အခြေခံ သက်သေ အကြောင်း အချက်များ ရနိုင်သောကြောင့် သည်။ ဥပမာအားဖြင့်၊ သတင်းဓာတ်ပုံသမား တစ်ဦးကို ဆန္ဒပြမှုအား မှတ်တမ်းတင်နေစဉ် ဖမ်းဆီးခဲ့လျှင် သက်သေ နှင့်တကွ ရ နိုင်မည်ဖြစ်သည်။

[၁၉] ဥပမာအားဖြင့် မိမိအိမ်မှာပင် သီးသန့်ပစ်မှတ်ဖမ်းဆီးခံရပြီးနောက်တွင် ဂျာနယ်လစ်များးကို မကြာခဏသုံးသော ဥပဒေတစ်ခု ဖြင့် ထိုဂျာနယ်လစ်စွပ်စွဲ အမှုဖွင့် ခြင်းခံရ လျှင် ၊ ၎င်းကိုဖမ်းဆီးသည်မှာ ဂျာနယ်လစ်ဖြစ်သော ကြောင့် ပင် ဖမ်းဆီးခြင်းဟု ခန့်မှန်းရန် အကြောင်း လုံလောက် နေပြီဖြစ် သည်။

[၂၀] ဥပမာအားဖြင့်၊ ဆန္ဒပြပွဲ၌ မိန့်ခွန်းပြောနေစဉ် ဖမ်းဆီးခံရခြင်းမျိုး။

ပြင်းထန်သော ဒေသများတွင် ဂျာနယ်လစ် တစ်ဦးသည် ဖမ်းဆီးခံရနိုင်ခြေ ပုံမှန် ထက် ၄.၅ ဆ ပိုများသည်။

ဖမ်းဆီးခံခဲ့သော ဂျာနယ်လစ်များ၏ အများစုမှာ မြန်မာနိုင်ငံသားများဖြစ်ပြီး နိုင်ငံခြားသား ဂျာနယ်လစ် ၅ ဦး (၂%)သာ ရှိသည်။ အများစု ဖြစ်သော (၈၃%)မှာ ဂျာနယ်လစ် များ ၊ ဓာတ်ပုံသတင်း ထောက်များကဲ့သို့ သာမန်ဝန်ထမ်းများဖြစ်ပြီး သတင်း တင်ဆက်နေစဉ် ဖမ်းဆီးခံခဲ့ ရသည်။ [၂၁]အယ်ဒီတာများကဲ့သို့ အဆင့်မြင့်ဝန်ထမ်းများသည် (၆%)သာ ရှိသည်။ ထို့အပြင် တပ်မတော်က သတင်းနှင့်စာနယ်ဇင်းနယ်ပယ် တစ်ခုလုံးကို သို့ ပစ်မှတ် ထား၍ ပိုင်ရှင်များ၊ ဥက္ကဋ္ဌများ၊ အမှုဆောင် အရာရှိချုပ်များနှင့် ပုံနှိပ်ထုတ်ဝေ သူများကိုလည်း ဖမ်းဆီးခဲ့ ပြီး၊ (၁၁%) ခန့် ရှိသည်။

## ဂျာနယ်လစ် ၃ ဦးကို ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခြင်း

ယေဘူယျ အားဖြင့်နှင့် ဂျာနယ်လစ်များးအား ဆက်ဆံသောနည်းလမ်းများအရ တပ်မတော်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားသော နှိပ်စက်ညှင်းပန်းနည်းမျိုး များ ကို သုံးလေ့ ရှိသည်။ [၂၂] လွတ်မြောက်လာသော ဂျာနယ်လစ်များးကလည်း ထောင်ချခံရစဉ်က ခံစား ခဲ့ရသော ရက်စက်လွန်းသည့် နှိပ်စက်မှု များ ၊ လူညွန့်ချိုး ညှင်းပန်းမှုများ နှင့် အကြမ်းဖက် ဆက်ဆံမှု များစသည့် အ တွေ့ အကြုံများ ကို ဖော်ထုတ် ပြောပြ ကြသည်။ တပ်မတော်က အာဏာ သိမ်းပြီးနောက် ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ပစ်ခဲ့သည့် ဂျာနယ်လစ် ၃ ဦးထိ ရှိသည်။[၂၃] တပ်မတော် အနေဖြင့် ဆယ်စုနှစ်နှင့်ချီပြီး နှစ်ပေါင်းများစွာအတွင်း တရားမဝင် နှိပ်စက် ညှင်းပန်း မှုများ ပြုလုပ်ခဲ့ သည် ပြင်းပြင်းထန်ထန် စွဲဆိုခြင်းများခံနေရပြီး အာဏာသိမ်း စစ်ခေါင်းဆောင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင် တစ်ဦးတည်းပေါ်၌ပင်တရားစွဲထားသော စွဲချက် ၁၀၂ ခုအထိ ရှိနေသည်။ [၂၄]ဂျာနယ်လစ်များးကို နှိပ်စက်ညှင်းပန်းမှု သို့မဟုတ် မတရား ဆက်ဆံမှုများ

[၂၁] ဝန်ထမ်းစာချုပ်ဖြင့် တာဝန်ထမ်းဆောင်နေသော ဂျာနယ်လစ်များးအပြင်၊ သာမန်စာချုပ်များအောက်တွင် ပုံမှန်အလုပ်လုပ်ကိုင်နေသူများဖြစ်သော ပြင်ပသတင်းဆောင်းပါးရှင်များ၊ အလွတ်တမ်း ဂျာနယ်လစ်များး  များ သို့မဟုတ် “ပြည်သူ ဂျာနယ်လစ်များး” ပါဝင်သည်။

[၂၂] နိုင်ငံတကာဥပဒေ၏ ယေဘုယျစံနှုန်းတစ်ခု (jus cogens)။ (စာရှုရန်)-အပြည်ပြည်ဆိုင်ရာတရားရုံး (၂၀၀၉)၊“တရားစွဲဆိုရန်တာဝန် သို့မဟုတ် လွှဲအပ်ခြင်းဆိုင်ရာမေးခွန်းများ (ဘယ်လ်ဂျီယမ် v. ဆီနီဂေါ)"

[၂၃] အခြားအဖွဲ့အစည်းများ ထံတွင် အသတ်ခံခဲ့ရဟန်ရှိသော  ဂျာနယ်လစ်နှစ်ဦးလည်းရှိပါတယ်။ ဥပမာအနေနဲ့ ဂျာနယ်လစ်များ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (၂၀၂၃)၊  မှ ထုတ်ပြန်သော “မြန်မာနိုင်ငံတွင် သေဆုံးခဲ့သည့် ဂျာနယ်လစ်နှင့် မီဒီယာအလုပ်သမား ၁၀ ဦး” ဆိုသောအစီရင်ခံစာကို ရည်ညွှန်းဖတ်ရှုနိုင်ပါသည်။

[၂၄] ကိုလံဘီယာဥပဒေကျောင်း ၊ လူ့အခွင့်အရေးအင်စတီကျု (၂၀၂၃)၊ "မည်သူ၏အမိန့်အောက်တွင်ရှိသနည်း။"

နှင့်ပတ်သက်သည့် စွဲဆိုမှုများဖြစ်ပေါ် ပြီးနောက် တပ်မတော်၏ တာဝန်ရှိသူ တစ်ဦးတစ်ယောက်မှ စုံစမ်း စစ်ဆေးခံရခြင်း သို့မဟုတ် တရားရုံးသို့ လာရောက် ရင်ဆိုင်ရခြင်း ရှိသည်ကို မတွေ့ရသေးပါ။ တရားလက်လွတ် ဖြစ်ရပ် များ သည် ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်သည်။

တပ်မတော်၏ စစ်ကြောရေး စခန်းများတွင် ဂျာနယ်လစ်များးအား လူ့အဆင့်မှ လျော့ချ နှိပ်စက်သော နည်း နှင့် အတင်းအကြပ် ဝန်ခံချက် ရယူရန် ရည်ရွယ်၍ အမျိုးမျိုးသော ရက်စက်သည့် နည်းလမ်းများကို အသုံးပြုခဲ့သည်။ ထိုနည်းလမ်းများတွင် ရိုက်နှက်ခြင်း၊ ထိုဆွ နှိပ်စက်ခြင်း၊ ခံရခက် စေသော နေသောနေရာများတွင် ထိုင်ဖို့ အတင်း ခိုင်းခြင်း၊ မီးအပူကပ်၍ နှိပ်စက်ခြင်းနှင့် ၊ လျှပ်စီး ဖြင့်တိုက်ကာ နှိပ်စက်ခြင်ခြင်းများ ပါဝင်သည်။ [၂၅]တပ်မတော်သည် အမျိုးသမီးနှင့် အမျိုးသား ဂျာနယ်လစ် များကိုလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်။ [၂၆]တပ်မတော်၏ မေးမြန်း စစ်ဆေးသူများမှာ ဦးစွာ ညှင်းပမ်း နှိပ်စက်နိုင်ဖို့က ဝန်ခံချက် ရယူရန်ထက်ပင်ပို အားသန်ကြ ကြောင်း မီဒီယာ လေ့လာသုံးသပ်သူ အချို့က ယုံကြည်ကြသည်။ [၂၇] များသောအားဖြင့် တပ်မတော် စစ်ဆေးသူ များသည် အကျဉ်းချခံရသော ဂျာနယ်လစ်များ၏ လုပ်ဖော်ကိုင်ဖက်များနှင့် လူမှုကွန်ရက်များ၊ သတင်းဆိုင်ရာ အရင်းအမြစ်များ အကြောင်းကို ရယူရန် ကြိုးပမ်းခဲ့သည်။

သာမန် နိုင်ငံသားအကျဉ်းထောင်များမှာ အစားအသောက်နှင့် နေရပ်နေအိမ်များ အလွန်အမင်း ပြည့်စုံမှု မရှိ ဖြစ်နေပြီး၊ ဆေးကုသမှုများ လုံးဝ မရရှိနိုင်သည့်အပြင် နှိပ်စက်မှု များလည်း အလုမ်း ကျယ်စွာ ဖြစ်ပွားနေသည့် တပ်မတော်၏ စစ်ကြောရေးစခန်းများထက် အနည်းငယ် သက်သာ လေသည်။[၂၈] လူများဖြင့် ထောင်တွင်း၌ ပြည့်နှက်နေခြင်းနှင့် ဆေးဘက်ကူညီမှု လုံးဝမရှိသည့် အတွက် ကိုဗစ်-၁၉ ပြန့်ပွား မှုဖြစ်ကာ ဂျာနယ်လစ်များး အပါအဝင်လူဦးရေ အတိအကျ မသိရသည့် သူများ အကျဉ်းထောင်တွင် သေဆုံးခဲ့ကြရသည်။[၂၉]

---

၂၅ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (၂၀၂၂)၊ "မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုကို ဆန့်ကျင်သူ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်း"

၂၆ Frontier Myanmar (2022)၊ "တပ်မတော်ရဲ့ စော်ကားမှုတွေအကြောင်း ကျွန်တော် အစီရင်ခံခဲ့ပြီးတော့ ကျွန်တော်ကိုယ်တိုင် ဟာ သားကောင်ဖြစ်လာခဲ့တယ်"

၂၇ မီဒီယာခေါင်းဆောင်လေးဦးနှင့် အမိကသတင်းပေးအင်တာဗျူးများကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

၂၈ AAPP (၂၀၂၂) ၊ “စစ်ကြောရေးတွင် နိုင်ငံရေးအကျဉ်းသားများ အတွေ့အကြုံ”

၂၉ PBS (2021) မှ “အရပ်အနား မရှိ – အမြဲတမ်း ဆက်တိုက် ”

# ဂျာနယ်လစ် ၁၇၅ ဦးကို ရာဇဝတ်မှုဖြင့် စွဲချက်တင်ခြင်း

တပ်မတော်က ဂျာနယ်လစ်များအား ဖမ်းဆီးရာတွင် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ ဖြင့် ဖမ်းဆီး ချုပ်နှောင် စွဲချက်တင် သကဲ့သို့ ကျယ်ပြန့်စွာ ပုံဖမ်း အသွင်ယူ ထားရခြင်းမှာ၊ စိတ်တစ်ပိုင်း အားဖြင့် ၎င်းတို့၏ အုပ်ချုပ်ခွင့်ကို တရားဝင်လုပ်နေဟန်ဖြင့် ပုံဖော်ပြရန် အတွက် ဆောင်ရွက်မှုမျိုး လည်း ဖြစ်နေပြန်သည်။

ဤ သုတေသန၏ စစ်ဆေး သုံးသပ်ဆဲ ကာလအတွင်း၌ပင် တပ်မတော်က ဂျာနယ်လစ် ၁၇၅ ဦးထက် မနည်းအား ရာဇဝတ်မှု ဖြင့် စွဲချက်တင်ခဲ့သည်။ [20]ထို့ပြင် ဂျာနယ်လစ်၇ ဦးအား စွဲချက် တင်ခြင်း မပြုရသေးပဲ ဖမ်းဆီး ထိန်းသိမ်းထားပြီး စွဲချက်တင်ရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။ အောက် ဖော်ပြပါ ဇယားအရ စွဲချက်တင်ခံထားရသည့် ဂျာနယ်လစ်များအနက် (၃၀%) သည် နောက်ပိုင်းတွင် ပြန်လွတ်မြောက်ခဲ့ကြပြီး၊ ထက်ဝက်နီးပါး (၄၉%) သည် ရုံးထုတ်ခံပြီး အပြစ်ဒဏ် ချခံခဲ့ကြသည်။ ထို ပြန်လွတ်မြောက်ခဲ့သည့် ဂျာနယ်လစ်များ အပေါ်တွင် မူရင်း စွဲချက်များကို တရားဝင် ဖျက်သိမ်းခဲ့ခြင်း ရှိ/မရှိ ဆိုသည်မှာ မရှင်းလင်းသေးပါ။

| တရားစွဲဆိုခံထားရသော ဂျာနယ်လစ်များ၏ လက်ရှိအခြေအနေ | | | |
|---|---|---|---|
| ၁၉ %<br>(မျက်ကွယ်မှာ စွဲချက်တင်ခံရသူ)။ | ၂%<br>(စွဲချက်တင်ရန် စောင့်နေရသူ)။ | ၃၀%<br>(နောက်ပိုင်းတွင် ပြန်လွတ်မြောက်ခဲ့သူ)။ | ၄၉%<br>(ရုံးထုတ်ခံပြီး အပြစ်ဒဏ်ချခံခဲ့ကြ)။ |

ဖမ်းဆီး ခံထားရသည့် ဂျာနယ်လစ်များအားလုံးကို မစွဲချက်တင်ခဲ့ကြပေ။ ၂၂၀ ဦးကျော်ကို ဖမ်းဆီး ခဲ့ပြီးနောက် ၊ ဂျာနယ်လစ်များအနက် အနည်းစုဖြစ်သည့် (၃၈%) ကို စွဲချက် တင်ခြင်းမရှိ ဘဲ နောက်ပိုင်းတွင် ပြန်လွှတ်ပေး ခဲ့သည်။ စွဲချက်တင် ခြင်းသည် ရုံးထုတ်စစ်ဆေးရသည့်

[20] ဂျာနယ်လစ်၃၀ ကျော်ကို မဖမ်းမိသေးမည့်အခြေအနေတွင် အမှုဖွင့်ထားခဲ့ဖြစ်နိုင်သည်။တပ်မတော်က ဖမ်းအမိန့်နှင့် အမှုစာရင်းများ ထုတ်ပြန်မှု ရပ်ဆိုင်းလိုက်သောကြောင့်၊ အသေးစိတ်အချက်အလက်များ မသိနိုင်တော့ပါ။

ကာလကြာမြင့်မှု၊ ပြစ်မှု အပြစ်ချမှတ်နှုန်းမြင့်မှုနှင့် ထောင် ဒဏ်ရှည်ရှည် ခံရနိုင်မှု အစရှိသည် ဖြစ်နိုင်ချေတို့ ကြောင့် ၊ဖမ်းဆီးခံထားရသည့် ဂျာနယ်လစ်များသည် စွဲချက်တင်ခံရမည့် အခြေအနေကြောင့် ကြောက်ရွံ့နေကြသည်ဟု မီဒီယာ သုံးသပ် သူများက မှတ်ချက်ပေးခဲ့သည်။[၃၁] စွဲချက်တင်ခံရနိုင်မည့် ဂျာနယ်လစ်များးအနေဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျော်အထိ ချမှတ်နိုင်သည့် ပြင်းထန်သည့် ဥပဒေတစ်ချို့ဖြင့် စွဲချက်တင်ခံ ရမည်ဆိုသည့် စိုးရိမ်မှုများလည်း ရှိခဲ့သည်။

## ဥပဒေ ကိုးခုအရ စွဲချက်ပေါင်း ၂၃၈ ခု တင်ခြင်း

မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ဆိုင်ရာ အပြည်ပြည် ဆိုင်ရာဥပဒေ၏ ကာကွယ်ပေးထားချက်များကို ဖောက်ဖျက်နေသည့် ပြည်တွင်း ဥပဒေများစွာ ရှိနေသည် (နောက်ဆက်တွဲ အချပ်ပို-၁ ကိုကြည့်ပါ)။ စွဲချက်တင်ခံရသည့် ဂျာနယ်လစ် ၁၇၅ ဦးသည် စုစုပေါင်း ၂၃၈ ခုသော စွဲချက်များကို ဥပဒေ ၉ ခု အောက်တွင် ပြဋ္ဌာန်းထားသော ရာဇဝတ်မှု အမျိုးအစား ၂၄ မျိုးဖြင့် စွဲချက်တင် ခံခဲ့ရသည်။ ဂျာနယ်လစ်တစ်ဦးလျှင် ပျမ်းမျှ စွဲချက် ၁.၄ ခု ရှိပေရာ၊ စွဲချက် တစ်ခု ရှိသူများမှာ (၇၈%) ဖြစ်ပြီး၊ ကျန် (၂၂%) သော ဂျာနယ်လစ်များမှာ နှစ်ခုမှ ငါးခုအထိ စွဲချက် တင်ခံရသည်။ ဂျာနယ်လစ်တစ်ဦးမှာ ၁၈၆၁ခုနှစ် ရာဇသတ်ကြီးဥပဒေ (Penal Code, 1861) အောက်တွင် ကိုယ်ခန္ဓာ ထိခိုက်စေမှု၊ တာဝန် ထမ်းဆောင်နေသူအား တားဆီးရန် ကိုယ်ခန္ဓာ ထိခိုက်စေမှု၊ သွေးထိုး လှုံ့ဆော်မှု၊ အခြားသူများကို အန္တရာယ်ဖြစ်စေနိုင်မှု ၊ မတရားသဖြင့် ချုပ်နှောင်မှု၊ မီး သို့မဟုတ် ပေါက်ကွဲပျက်စီးစေမှု စသော ရာဇဝတ်မှုများဖြင့် စွဲချက် ၇ ခုအထိ အတင် ခံခဲ့ရသည်။ ဂျာနယ်လစ်များသည် အဖြစ်အပျက် တစ်ခုတည်းအတွက် စွဲချက်များစွာ ရင်ဆိုင်ခဲ့ကြသလား၊ သို့မဟုတ် မတူညီသည့် ဖြစ်ရပ်များစွာအတွက် သီးခြားစွဲချက်များ ခံခဲ့ရသလားဆိုသည်မှာ ရှင်းလင်းနေလေ့ မရှိခဲ့ပါ။

ဂျာနယ်လစ်များးအား တင်သော စွဲချက် များအနက် အများစု (၆၂%) သည် စစ်အာဏာ သိမ်းပြီးနောက် မကြာမီ ပြင်ဆင်ခဲ့သော ၁၈၆၁ ခုနှစ် ရာဇသတ်ကြီး ဥပဒေ အပိုဒ် ၅၀၅(က) ဖြင့် စွဲချက်တင် ခြင်း ဖြစ်သည်။ [၃၂]ဤအပိုဒ်သည် ကျယ်ပြန့်ပြီး မရှင်းလင်း သောအကြောင်း အရာများ ပါရှိသဖြင့်၊

[၃၁] ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် မီဒီယာခေါင်းဆောင် ၄ ဦးနှင့် သီးသန့် မေးမြန်းချက်များ ပြုလုပ်ခဲ့သည်။

[၃၂] မီဒီယာနှင့် လူမှုအဖွဲ့အစည်းများ၏အစီရင်ခံစာများအနက် အတော်များများသည် တပ်မတော်က အသစ်ပြင်ဆင်ထားသော ပုဒ်မ ၅၀၅(က) ကို မဟုတ်ဘဲ ရာဇသတ်ကြီးဥပဒေအဟောင်း ပုဒ်မ ၅၀၅(က) ဟု မှားယွင်းဖော်ပြထားကြသည်။ စွဲချက်အများစုမှာ ပုဒ်မ ၅၀၅(က) အောက်ရှိ အခွဲပုဒ်မများဖြင့်သာ ဖြစ်သည်။

အာဏာသိမ်းမှု နောက်ပိုင်းတွင် မည်သည့် ထင်မြင်ချက် ဖော်ပြမှုမျိုးကို မဆို လွယ်ကူစွာ တရားစွဲနိုင်စေရန် အထွေထွေ ပြစ်မှုအဖြစ် အသုံးချနိုင်ရန် ရည်ရွယ်၍ "အသစ်ပြုပြင်" ထည့်သွင်းခဲ့ခြင်းဖြစ်သည် (အသေးစိတ်ကို နောက်ဆက်တွဲ အချပ်ကို -၁ တွင် ကြည့်ပါ)။ [၃၃]အပိုဒ် ၅၀၅(က) တွင် အများဆုံး ထောင်ဒဏ်သုံးနှစ်ကို ပြဋ္ဌာန်းထားပြီး၊ ယခင်က ဂျာနယ်လစ်များးကို အသုံးပြုခဲ့ သော၊ ထောင်ဒဏ် ၂ နှစ်ရှိသည့် တခြားဥပဒေပြဋ္ဌာန်း ချက် များထက် ထောင်ဒဏ်ကာလ ပိုရှည် လျားသည်။ ထို့ပြင် အပိုဒ် ၅၀၅(က) တွင် "ကြောက်ရွံ့မှုဖြစ်စေခြင်း"၊ "သတင်းအမှားများ ဖြန့်ဖြူးခြင်း" နှင့် "သွေးထိုးလှုံ့ဆော်ခြင်း " ဟူသည့် အခန်းကဏ္ဍ သုံးခု ပါဝင်သော်လည်း၊ မည်သည့် အခန်းကဏ္ဍရှိ အကြောင်းရင်းကို ဂျာနယ်လစ်များ အပေါ် ဖမ်းဆီးထောင်ချရာတွင် အဓိက သုံးသည် ဆိုသည့်အချက်မှာ သေချာမနေ တတ်ပါ၊ အကြောင်းမှာ တရားရုံးမှတ်တမ်းများကို ပွင့်လင်း မြင်သာစွာ မရနိုင်သည့် အပြင် မီဒီယာ သတင်းများ တွင်လည်း အသေးစိတ် မဖော်ပြထားကြ သဖြင့် ဖြစ်သည်။

ဂျာနယ်လစ်များး၏ အနည်းဆုံး ၁၁% မှာ ၁၈၆၁ ခုနှစ် ရာဇသတ်ကြီး ဥပဒေ၏ အခြား ဥပဒေ ပုဒ်မ ၁၅ ခုအောက်တွင် စွဲချက်တင်ခံခဲ့ရပြီး၊ အထူးသဖြင့် ပုဒ်မ ၁၂၄(က) ဖြစ်သော အစိုးရအပေါ် အကြည်ညိုပျက်စေမှုဖြင့် တရားစွဲခြင်းက (၂%) နှင့် ပုဒ်မ ၅၀၅(ခ) ဖြစ်သော ပြည်သူ့ အား အထိတ်တလန့် ဖြစ်စေမှုမှာ (၂%) ဖြစ်သည်။

ဂျာနယ်လစ်များ၏ သိသာသော အနည်းစု (၂၇%) သည် အထူးဥပဒေ ၈ ခုအောက်တွင် စွဲချက်တင်ခံခဲ့ရပြီး၊ အများအားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေက ကာကွယ် ပေးထားသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့်ဆိုင်ရာ ရပိုင်ခွင့်များကို အပြည့်အဝ ချိုးဖောက် ကန့်သတ် ခံခဲ့ ကြရသည်။ "ဂျာနယ်လစ် အချို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) အောက်တွင် စွဲချက်တင် ခံရခဲ့ပြီး၊ 'ဆွဲဆောင်မှု' နှင့် 'ဝါဒဖြန့်ခြင်း' ဆိုသောလုပ်ရပ်များ အပေါ် အလွန်အမင်း အပြစ်ပေးသည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး အပြစ်ဒဏ်များကို ရင်ဆိုင်ကြရသည်၊ ၄င်းမှာ (၁၄%) ရှိသည်။" တစ်ချို့မှာ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ (၅%)အပါအဝင် 'အသရေဖျက်မှု'ကို ရာဇဝတ်မှု အဖြစ် ဖွင့်ဆိုထားသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် ဥပဒေများ (၇%)  ၏ အချိုးမညီသော ပြဋ္ဌာန်းချက် များအောက်တွင် စွဲချက်တင် ခံခဲ့ကြရသည် ။ [၃၄]ပိတ်သိမ်း ခံရသော သို့မဟုတ်

၃၃ Free Expression Myanmar (2022), "၅၀၅ က: လက်စားချေသော လုပ်ရပ်"

၃၄ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) သည် အသရေဖျက်မှု (defamation) ကို ဖော်ပြထားသော်လည်း၊ အာဏာသိမ်းမတိုင်မီကာလအတွင်း တရားစွဲဆိုမှုအများစုမှာ စော်ကားမှု (insult) နဲ့ပတ်သက်သော အမှုများဖြစ်သည်။ အသေးစိတ်အတွက် Free Expression Myanmar (FEM) ၏ ၂၀၁၇ ခုနှစ်ထုတ် "၆၆(ဃ) – တကယ်မပြောင်းလဲသေး" အစီရင်ခံစာကို ရည်ညွှန်းနိုင်ပါသည်။

မှတ်ပုံတင်မထားသော အဖွဲ့များရှိ ဂျာနယ်လစ် တစ်ချို့မှာမူကား သင်းဖွဲ့ ဆောင်ရွက်မှု များ၊ ရန်ပုံငွေ ပေးအပ်ခြင်းများကိုပင် မလိုအပ်ပဲ တဘက်စောင်းနင်း သဘော တားမြစ်ထားသော မတရားအသင်း အက်ဥပဒေ (၁၉၀၈) အရ တရားစွဲ ဆိုခံခဲ့ရပြီး၊ ၃% ခန့်ရှိသည်။

## သက်ညှာမှုကင်းမဲ့ သောစွဲချက်ကြီးများ တင်ခြင်း

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တို့ကို မည်မျှ ပြင်းထန်စွာ ချိုးဖောက် နေသည်ကို သုံးသပ်ရာတွင်၊ တပ်မတော်မှ ဂျာနယ်လစ်များအား မည်မျှ ကြီးမားသော စွဲချက်များ တင်လေ့ရှိသည်ကို အခြေခံ၍ သုံးသပ်ရမည်သာ ဖြစ်သည်။ အခြားဥပဒေများ နှင့် နိုင်းယှဥ်လိုက်လျှင် ရာဇသတ်ကြီးပုဒ်မ (၁၈၆၁) နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) တို့တွင် ပိုမိုပြင်းထန်သော ပိတ်ဆို့မှုနှင့် အရေးယူမှုများ ပါဝင်နေသည်။ ဥပမာအားဖြင့်၊ ၁၈၆၁ ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) (တွင် "အစိုးရအပေါ် အကြည်ညိုပျက်စေမှု" ဟု ခေါ်ဆိုသည့် ပြစ်မှုအတွက် အများဆုံးပြစ်ဒဏ်အဖြစ် တစ်သက်တစ်ကျွန်း ထောင်ဒဏ် (သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်) ကို ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့သော ဥပဒေများသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆို ခွင့်ကို ပြင်းထန်စွာ ချိုးဖောက်နေသည့် အထင်ကရ ဥပမာများ ဖြစ်ကြသည်။

တပ်မတော်က ဂျာနယ်လစ်များးကို စွဲချက်တင်ရာတွင် မည်မျှ ပြင်းထန်သော သို့မဟုတ် လျော့ပါးသော ပြဋ္ဌာန်းချက်များကို အသုံးပြုမည် ဆိုသည့် ဆုံးဖြတ်ချက်သည် ဗဟိုချုပ်မှ ချုပ်ကိုင် ဆုံးဖြတ် ခြင်းဖြစ်သော်လည်း၊ ထိုဆုံးဖြတ်မှုကို အစိုးရရှေ့နေများက ချမှတ်သလား၊ ရဲတပ်ဖွဲ့ သို့မဟုတ် စစ်ဘက် အရာရှိများက ချမှတ်သလား ဆိုသည်မှာ ပွင့်လင်းမြင်သာသည့် သဲကွဲမှုမရှိပါ။

ဂျာနယ်လစ် တစ်ဦးချင်းအပေါ် မူတည်၍ စွဲချက်ပြင်းထန်မှု ဖြစ်သလား၊ သို့မဟုတ် ၎င်းတို့ လုပ်ဆောင်သည့် နေရာအပေါ် မူတည်၍ ဖြစ်သလား ဆိုသည်ကိုလည်း ရှင်းရှင်းလင်းလင်း သတ်မှတ်နိုင်မှု မရှိခဲ့ပါ။ ဥပမာအားဖြင့်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) အောက်တွင် ရှည်လျားသည့် ထောင်ဒဏ်များ ချမှတ်ခံရသူ ဂျာနယ်လစ်များသည် နိုင်ငံအနှံ့ အမျိုးမျိုးသော နေရာများမှ လာကြပြီး၊ မတူညီသော အသက်အရွယ်များနှင့် မတူညီသည့် ရာထူး၊ တာဝန် များမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ထို့အပြင် အလွတ်ဂျာနယ်လစ်များအပါအဝင် မီဒီယာပိုင်ရှင် အမျိုးမျိုး နှင့် အခန်းကဏ္ဍအမျိုးမျိုး တွင် တာဝန်ထမ်းဆောင်နေကြ သူများဖြစ်သည်။

ဂျာနယ်လစ်များကို ဖိနှိပ်ရန် အများဆုံး အသုံးပြုသော ဥပဒေများတွင် သုတေသန သုံးသပ်ဆဲ ကာလအတွင်းအပြောင်းအလဲများဖြစ်ပေါ် ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တပ်မတော်က အများအားဖြင့်

ဗြိတိသျှခေတ်တုန်းက ချမှတ်ခဲ့သည့် ရာဇ သတ်ကြီးဥပဒေ (၁၈၆၁) ကို အသုံးပြုခဲ့သည်။ ၂၀၂၂ ခုနှစ်တွင်လည်း တပ်မတော်က ဂျာနယ်လစ်များ ဆိုင်ရာ စွဲချက်များအတွက် ၁၈၆၁ ခုနှစ် ရာဇသတ်ကြီး ကို အများစု (၆၇%) အသုံးပြုခဲ့ သော်လည်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) ကိုလည်း(၂၈%)စတင်အသုံးပြုခဲ့သည်။ တချို့သော စစ်အာဏာကို ဆန့်ကျင်သော လူမှုအဖွဲ့ အစည်းများက တပ်မတော်သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) ကို ၂၀၂၁ ခုနှစ်တွင် "ပြင်ဆင်" ခဲ့သည်မှာ (ဂျာနယ်လစ်များး အပါအဝင်) စစ်အာဏာ ဆန့်ကျင်သည့်သူများ အပေါ် အလွန် ရှည်လျားသော ထောင်ဒဏ်များ ချမှတ် နိုင်ရန်နှင့် သတင်း ဌာနများကို မိမိ အလိုရှိ သလို အကြောင်းအရာဖြတ်တောက် တင်ပြစေသော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရန် ရည်ရွယ် ပြင်ဆင်ခဲ့သည်ဟုယုံကြည်ကြသည်။[35] သို့သော် ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ (၂၀၁၄) အောက်တွင် စွဲချက်တင်ခြင်း၏ အချိုးအစားသည် လျော့နည်းလာပြီး (၁၁%) သာ ကျန်ရှိသဖြင့်၊ ထိုရည်ရွယ်ချက် သည် ထင်ရှားစွာ အကောင်အထည် မဖော်နိုင်ခဲ့ပေ။[၃၆] ၂၀၂၃ ခုနှစ် တွင် တပ်မတော်က ပြန်လည်ပြီး နည်းနာပြောင်းလဲကာ ၁၈၆၁ ခုနှစ် ရာဇသတ်ကြီး ကို ပြန်လည် အားပြု အသုံးပြုခဲ့ပြီး (၇၈%) အထိ ရှိခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တပ်မတော်သည် ဂျာနယ်လစ်များးကို တရားစွဲဆိုရာတွင် ၁၈၆၁ ခုနှစ် ရာဇသတ်ကြီးဥပဒေ ကို အသုံးပြုခြင်းမှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) ကို အသုံးပြုခြင်းသို့ ပြောင်းလည်း ခဲ့သည်။ ထိုနှစ်တွင် ထွက်ပေါ် ခဲ့သည့် အပြစ်ဒဏ်ချခံခဲ့ရသော အမှု ၈ ခု လုံးမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) အောက်တွင်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ယခုအချိန်ထိ ၁၈၆၁ ခုနှစ် ရာဇသတ်ကြီးဥပဒေ တစ်ခုတည်း ကိုသုံးကာ အပြစ်ဒဏ်ချနေ ခြင်းဖြစ်သည်။

---

[၃၆] ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းခေါင်းဆောင် ၃ ဦးနှင့် အင်တာဗျူးများ ပြုလုပ်ခဲ့သည့် အချက်အလက်များဖြစ်သည်။

# ဂျာနယ်လစ်၈၈ ဦး၏ အပြစ်ဒဏ်ချမှတ်မှု

တပ်မတော်သည် မိမိတို့၏ အာဏာတည်တံ့ရေးကို ဆန့်ကျင်မည့် မည်သူမဆို ချေမှုန်း ဖိနှိပ် ရာ ၌ အသက်ကိုပါ သတ်ဖြတ်နိုင်ကြောင်း အများသိအောင် ပြသရန် ဂျာနယ်လစ်များကို ဖိနှိပ်ကာ ထောင်ဒဏ် ရှည်ရှည် ချမှတ်ခဲ့သည်။

ဤသုတေသန ကာလအတွင်း ဂျာနယ်လစ် ၈၈ ဦးကို ရာဇဝတ်မှုဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် ချမှတ်ခဲ့သည်။ တပ်မတော်၏ ဟန်ပြ သဘောသာ ရှိသော တရားရုံးများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး စံနှုန်းများကို မလိုက်နာ သကဲ့သို့ မြန်မာနိုင်ငံတွင်း လုပ်ထုံး လုပ်နည်းများနှင့် ဥပဒေများကိုပါ လိုက်နာခြင်းမရှိ ခဲ့ပါ။ လောင်းရိပ်ကင်းကင်းဖြင့် လွတ်လပ်ခြင်း အလျှင်း မရှိသော တရားသူကြီးများ သို့မဟုတ် တပ်မတော်အရာရှိ များကသာ အမှုများကို ကြီးကြပ်ပြီး ထုံးစံအားဖြင့် တရားစွဲဆိုမှုများကို တံခါးပိတ်သဘော အများ မျက်ကွယ်တွင် ဆောင်ရွက်ခဲ့သည်။ အကာကွယ်ပေးရသည့် ရှေ့နေများ သည်လည်း တရားရုံးဝင်ခွင့် ပိတ်ပင်ခံရခြင်းများ ရှိပြီး ၊ မိမိတို့ အမှုများကို ထိရောက်စွာ ကိုယ်စားပြုရန် အခွင့်အလမ်း မရခဲ့ပါ။[၃၆] အမှုများအား အပြစ်ဒဏ် ချမှတ်ရာတွင် ကြိုတင် ဆုံးဖြတ်ထားသည့် တရားမျှတမှု မရှိသော ပြစ်ဒဏ် များကိုသာ ချမှတ်ခဲ့သည်။ ဤသုတေသန၏ သုံးသပ်ရာ ကာလအဆုံးတွင် အပြစ်ဒဏ်ချခံရသော ဂျာနယ်လစ် ၈၈ ဦးအနက် အနည်းဆုံးနှစ်ဝက်နီးပါး (၄၇%) သည် ထောင်ဒဏ် ဆက်လက်ခံနေရပြီး ကျန်တစ်ဝက်မှာ ပြန်လွတ်လာခဲ့သည်။ နောက်ဆုံး ဖြစ်ပွားခဲ့သည့် တရားစွဲဆိုကာ အပြစ်ချမှတ်မှုမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီတွင် ဖြစ်ပွားခဲ့သည်။

## အပြစ်ဒဏ် ချမှတ်ခြင်းဆိုင်ရာ မူဝါဒ

အာဏာသိမ်းပြီး အစောပိုင်း ကာလများတွင် ဂျာနယ်လစ် အများအပြားကို ဖမ်းဆီးခဲ့ပြီး တရားရုံး လုပ်ထုံးများနှင့် အညီ ဆောင်ရွက်မှုများ မရှိသေးပဲ ထောင်များတွင် ထိန်းသိမ်းထားခဲ့သည်။ဂျာနယ်လစ်များအနက် တပ်မတော်က တရားစွဲဆိုပြီး ပြစ်ဒဏ် ချမှတ်ခဲ့သော ပထမဦးဆုံး ဂျာနယ်လစ်မှာ

---

[၃၆] စစ်အုပ်ချုပ်ရေးအောက်တွင် တရားစွဲဆိုခြင်းစနစ်အကြောင်း ထပ်မံသိရှိရန် Free Expression Myanmar (2023), ၏"မြန်မာတပ်မတော်၏ 'တရား' စနစ်"။ ကို ကြည့်ပါ:

၂၀၂၁ ခုနှစ် မေ ၁၂ ရက်တွင် (အာဏာသိမ်းပြီး ၃ လအကြာ) ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ [၃၇] သူသည် တပ်မတော်က "ပြင်ဆင်မှု" ပြုလုပ်ခဲ့သော ရာဇသတ်ကြီးဥပဒေ (၁၈၆၁)၏ ပုဒ်မ ၅၀၅(က) အောက်တွင် သုံးနှစ် ထောင်ဒဏ်ချမှတ်ခံခဲ့ရ ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ (အာဏာသိမ်းပြီး ၁၀ လ အကြာ) နိုဝင်ဘာလ ကုန်ပိုင်းတွင် တပ်မတော်က ယင်းကာလ အတွင်း ဖမ်းဆီးထားသော ဂျာနယ်လစ် ၁၄၁ ဦးအနက် ၈ ဦး (၆%) ကိုသာ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စ၍ ပြစ်ဒဏ် ချမှတ်မှု အရေအတွက် များလာခဲ့ပြီး တစ်လအတွင်း ၈ ဦးမှ ၁၅ ဦးအထိ နှစ်ဆ တိုးလာခဲ့သည်။ တပ်မတော်၏ မူဝါဒတွင် အထူးပြောင်းလဲမှု တစ်ခုခု ရှိခဲ့သလား၊ သို့မဟုတ် တရားရုံး များတွင် စီမံဆောင်ရွက်ရမည့် အမှုများ ထပ်မံတိုး လာမှုကြောင့်ပင်လား ဆိုတာ သေချာ မသိရပေ။ တချို့သော လူ့အဖွဲ့အစည်း လေ့လာ အကဲဖြတ်သူများကမူ တပ်မတော်သည် စတင်ချိန်တွင် ဂျာနယ်လစ်များးကို အပြစ်ချမှတ်ရန် ရှောင်ရှားခဲ့ရခြင်းမှာ၊ မိမိတို့၏ တရားစီရင်မှုများမှာ တရားမျှတ ပြီး တရားဝင် ဆောင်ရွက်မှု ဖြစ်ကြောင်းကို အပြင်ပန်းက ပြသရန် ကြိုးစားမှု ဖြစ်နိုင်ကြောင်း သို့မဟုတ် အခြားကိစ္စရပ်များတွင် အာရုံစိုက်နေရခြင်းကြောင့် ဖြစ်နိုင်ကြောင်း ယူဆခဲ့သည်။[၃၈]

## ၄၉၇ နှစ်ခန့် ထောင်ဒဏ်ချမှတ်ခြင်း

တပ်မတော်၏ ဟန်ပြ တရားရုံးများက မီဒီယာနှင့် ဂျာနယ်လစ်များး၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်း ခွင့်တို့ကို ပြင်းပြင်းထန်ထန် ချိုးဖောက်ပြီး မမျှတသော ပြစ်ဒဏ်များ ချမှတ်ခဲ့ရာ၊ ဤလုပ်ရပ်သည် တစ်ခြားသော ဂျာနယ်လစ်များးနှင့် မီဒီယာ အဖွဲ့အစည်းများ အားလုံးအတွက် အလွန် ထိခိုက်သော ခြိမ်းခြောက်မှု ဖြစ်သည်။ ပြစ်ဒဏ် ချမှတ်ခံခဲ့သော ဂျာနယ်လစ် ၈၈ ဦးသည် စုစုပေါင်း ထောင်ဒဏ် ၄၉၇ နှစ်ခန့် ချမှတ်ခံခဲ့ရပြီး တစ်ဦးလျှင် ပျမ်းမျှ ၅.၇ နှစ်ခန့် ထောင်ဒဏ် ခံရသည်။ ချမှတ်ခံရသော ပြစ်ဒဏ်များ၏ အများစု (၉၂%) သည် ထောင်ဒဏ်

---

[၃၇] တပ်မတော်၏ ဟန်ပြတရားရုံးများ၏ လျှို့ဝှက်သည့် သဘာဝကြောင့် ဂျာနယ်လစ်များး၏ အပြစ်ဒဏ်ချမှတ်မှု များအားလုံးကို စိစစ်ရန် အခက် အခဲရှိခဲ့သည်။

[၃၈] ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် အရပ်ဖက် လူ့အဖွဲ့အစည်းခေါင်းဆောင်များ ၃ ဦးနှင့် အချက်အလက် စစ်တမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည့် အချက်အလက်များဖြစ်သည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

များဖြစ်ပြီး၊ အများအားဖြင့် ဥပဒေအရ ခွင့်ပြုထားသည့် အမြင့်ဆုံး ပြစ်ဒဏ်ကိုသာ ချမှတ်ခဲ့ကြသည်။[၃၉]

စီရင်ချက် အားလုံးသည် အခြေခံအားဖြင့် မလိုအပ်သည့်အပြင် ပြစ်ဒဏ် ညီညွတ် တရားမျှတ သော သဘောမရှိပါ။ အောက်တွင် ပြထားသော ဇယား အရ ဆိုလျှင် ပြစ်ဒဏ်တချို့သည် ၂ နှစ် နှင့်အောက် ထောင်ဒဏ် (၆%) ခံခဲ့သော်လည်း၊ ပြစ်ဒဏ်များ၏ တစ်ဝက်ထက် များ သောပမာဏ အများစုသည် ၂ နှစ် မှ ၃ နှစ်ကြား (၅၄%) ကျ ခံခဲ့ရသည်။ အနည်းစု ဖြစ်သော်လည်း ပမာဏအားဖြင့် သိသာထင်ရှား ဂျာနယ်လစ် တချို့သည် ၄ နှစ် မှ ၉ နှစ် ကြား ထောင်ဒဏ် (၁၇%) ခံခဲ့ပြီး၊ တချို့မှာ နှစ် ၁၀ မှ ၂၇ ကြားအတွင်း (၂၃%) အလွန်မညီမျှသော ပြစ်ဒဏ် များ ခံခဲ့ရသည်။ တချို့သော ရှည်လျားသော ထောင်ဒဏ် များမှာ ပြစ်ဒဏ် မျိုးမျိုးကို တစ်ပြိုင်နက်ထဲ ပေါင်းစပ် ၍ ချမှတ် ထားခြင်းဖြစ်သည်။

| ဂျာနယ်လစ်များအပေါ် ချမှတ်ခဲ့သော ပြစ်ဒဏ်များ | | | |
|---|---|---|---|
| ၆%<br>(၂နှစ်ထိ)။ | ၅၄%<br>(၂ - ၃နှစ်)။ | ၁၇%<br>(၄-၉ နှစ်)။ | ၂၃ %<br>(၁၀-၂၇ နှစ်)။ |

ဂျာနယ်လစ်များ၏ လုပ်သက်နှင့် ရာထူးအဆင့်အတန်းကို အခြေခံ၍ ချမှတ်ခဲ့သော ပြစ်ဒဏ်များ အကြား အကြီးမားသည့် ကွာခြားမှု မတွေ့ရှိရခဲ့ပါ။ လုပ်သက်နည်းသော ဂျာနယ်လစ်များ အတွက် ပျမ်းမျှပြစ်ဒဏ်ကို ၅.၂ နှစ် ချမှတ်ခဲ့ပြီး၊ လုပ်သက်ကြီးသော ဂျာနယ်လစ်များနှင့် ခေါင်းဆောင်များ အတွက် ပြစ်ဒဏ်သည် ပျမ်းမျှ ၅ နှစ်နှင့် ၄.၉ နှစ်သာ ရှိခဲ့သည်။ ဂျာနယ်လစ်များ၏ တာဝန်ထမ်းဆောင်ခဲ့သည့် နေရာနှင့် ပြစ်ဒဏ်ရှည်/တို မှုတည်မှုအကြားတွင်မူ သေချာသော ဆက်စပ်မှုအား မတွေ့ရှိခဲ့ရပါ။

ထို့အပြင်၊ အရေးပါသော်လည်း ခွဲခြမ်းစိပ်ဖျာကာ အတည် မပြုနိုင်သည့် အချက်တစ်ရပ်မှာ ပုံမှန် ထောင်ဒဏ်များ အစား ကြီးလေး ပြင်းထန်သော ထောင်ဒဏ်များဖြင့် ၁၈၆၀ ခုနှစ် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၃ အရ ချမှတ်သော ပြစ်ဒဏ်များ ပေါ်လာ ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် "အလုပ်ကြမ်း နှင့် ထောင်ဒဏ်" ဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ ပုံမှန် အကျဉ်းစခန်းမှ အလုပ်များထက် ပိုပြင်းထန်သော

[၃၉] ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော အမှုတစ်ခုတွင် ငွေဒဏ်ဖြင့်သာစီရင်ထားပြီး ချုပ်နှောင်မှုမရှိပါ။ သုံးခုသော စီရင်ချက်များအတွက် ပြစ်ဒဏ်ကို သတ်မှတ်၍မရပါ။

အပြစ်ပေးမှု ပုံစံတစ်ရပ် ဖြစ်သည်။ [၄၀]ဂျာနယ်လစ် တစ်ဦးအား ကြီးလေးပြင်းထန်သည့် ထောင်ဒဏ် ချမှတ်ခြင်းမှာကား အပြည်ပြည်ဆိုင်ရာ အလုပ်သမားအခွင့်အရေးများ ချိုးဖောက်ခြင်း ဖြစ်သလို၊ စစ်ရာဇဝတ်မှု အဖြစ်လည်း သတ်မှတ်နိုင် သည်။[၄၁]

# ဂျာနယ်လစ်၁၇၀ ဦးအား ပြန်လွှတ်ခြင်း

ဂျာနယ်လစ်တို့အား ထောင်ချခြင်း ၊ အကြမ်းဖက်ခြင်းများနှင့် နောက်ထပ် ဖမ်းဆီးခံရနိုင်ခြင်းရှိနေသေး ခြင်းတို့ကြောင့်၊ ဂျာနယ်လစ်တို့မှာ မိမိတို့ကိုယ်တိုင်ပင် သတင်း မှန်များကို ဖြတ်တောက်ရေးသားလာ လိမ့်မည် သို့မဟုတ် သတင်းအလုပ်ကို ပင် အပြီးတိုင် ရပ်စဲလိုက်ကြပေလိမ့်မည်ဟု တပ်မတော်က ယူဆကာ ဂျာနယ်လစ်တစ်ချို့အား လွှတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အထိန်းသိမ်းခံခဲ့ရသော ဂျာနယ်လစ်၂၂၁ ဦးအနက် ၁၇၀ ဦး (၇၇%)ကို ဤသုတေသနတွင် သုံးသပ်ထားသည့် ကာလအတွင်း တပ်မတော်မှ ပြန်လည်လွှတ်ပေးခဲ့သည်။ ပြန်လွတ်လာသည့် ဂျာနယ်လစ် တစ်ဦးချင်းစီသည် ပျမ်းမျှ ၂၀၅ ရက်ကြာ လွတ်လပ်ခွင့်ဆုံးရှုံး ခဲ့ရသည်။၊ ဂျာနယ်လစ်များ၏ ဖမ်းဆီးခံရချိန်၊ ပြစ်ဒဏ်ချမှတ်ခံရချိန်နှင့် ပြန်လွတ်လာချိန်တို့ကို အောက်တွင် ဇယား ဖြင့် ဖော်ပြထားသည်။

---

[၄၀] မြန်မာနိုင်ငံ၏ ယခင်စစ်အစိုးရလက်ထက်တွင် ဂျာနယ်လစ်များးအပါအဝင် အကျဉ်းသားများကို ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများတွင် ဆိုးရွားသည့် အခြေအနေများအောက်တွင် အတင်းအကြပ် အလုပ်လုပ်ခိုင်းလေ့ရှိသည်။ အသွင်ကူးပြောင်းရေးကာလတွင် ဂျာနယ်လစ်များ နှင့်ပတ်သက်ပြီး ဤ သို့ ကျင့်သုံးမှုအား နည်းပါး ခဲ့သည်။ Myanmar Now (2023)၊၏ 'နိုင်ငံရေးအကျဉ်းသားများကို အလုပ်ကြမ်းလုပ်ခိုင်းသည့် ဓလေ့ကို မြန်မာစစ်အစိုးရက ပြန်လည်အသက်သွင်းသည်' ဆိုသော ဆောင်းပါးတွင် ဖတ်ရှုနိုင်သည်။

[၄၁] အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ (၂၀၂၃)တွင်ထုတ်သော "မြန်မာနိုင်ငံ၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာဆီသို့"။ နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (၂၀၀၅) ရဲ့ ဂလေ-၉၈ နှင့်ပတ်သက်သော ကျင့်ထုံးများ"။ ကို ကြည့်ပါ။

| နှစ်ကာလအလိုက် ဖမ်းဆီးထိန်းသိမ်း ခံရသူ၊ ပြန်လွတ်လာသူ နှင့် စီရင်ချက် ချခံရ ခြင်းများ [၄၂] | | | |
|---|---|---|---|
| | ဖမ်းဆီးထိန်းသိမ်း ခံရ ခြင်းများ | ပြန်လွတ်လာ ခြင်းများ | စီရင်ချက် ချခံရ ခြင်းများ |
| ၂၀၂၁ | ၁၅၆ | ၂၂ | ၁၀၂ |
| ၂၀၂၂ | ၄၈ | ၄၃ | ၂၈ |
| ၂၀၂၃ | ၁၆ | ၁၃ | ၂၇ |
| ၂၀၂၄ | ၁၁ | ၁၀ | ၂၂ |
| ၂၀၂၅ | ၁ | ၂ | ၂ |

## စီရင်ချက်မချပဲ ပြန်လွှတ်ခြင်း

ထောင်ထဲတွင် ထိန်းသိမ်းခံခဲ့ ရသော ဂျာနယ်လစ် ၁၇၀ ဦးအနက် အများစု (၇၁%) သည် အပြစ်ဒဏ် ချမှတ်ခြင်း မရှိပဲ ပြန်လွတ်ခဲ့ကြသည်။ မည်သည့် အကြောင်းကြောင့် ဂျာနယ်လစ် များကို တပ်မတော်၏ ဟန်ပြတရားရုံးများမှ အပြစ်ဒဏ် ချမှတ်ခြင်းမပြုဘဲ လွတ်မြောက်ခွင့် ပေးခဲ့သည်ကိုတော့ ရှင်းလင်းစွာ မသိရှိရခဲ့ပါ။ တချို့သော အရပ်ဖက် လူမှုအဖွဲ့အစည်း အကဲဖြတ်သူများက ယင်းသို့ ပြန်လွတ် ရခြင်းမှာ ထောင်တွင်း၌ ထောက်ပံ့ရန် အရင်းအမြစ် လုံလောက်မှု မရှိတော့ခြင်း သို့မဟုတ် တရားရုံးတို့၏ လုပ်ငန်းခွင်တွင် အလုပ် မနိုင်နင်းတော့ခြင်း တို့ကြောင့် ဖြစ်နိုင်ကြောင်း၊ သို့မဟုတ် တပ်မတော်က ပြည်တွင်းနှင့် နိုင်ငံတကာတွင် မိမိတို့ ပုံရိပ်တိုးတက်စေရန် ကြိုးစားမှုတစ်ရပ်ပင် ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ ကြသည်။ [၄၃]သို့သော် အပြစ်ဒဏ် မချမှတ်ခံရဘဲ လွတ်

[၄၂] ဤအရေအတွက်များသည် ဂျာနယ်လစ်ဦးရေကို မဟုတ်ဘဲ ဖြစ်ရပ်အရေ အတွက်များကို ဖော်ပြ ထားခြင်းဖြစ်သည်။ ဂျာနယ်လစ်တချို့သည် တစ်ကြိမ်ထက် မက အကြိမ်များစွာ ဖမ်းဆီးခံရခြင်း၊ ပြစ်ဒဏ်ချ ခံရခြင်းနှင့် ပြန်လွတ်ခြင်း များ ရှိခဲ့သည်။

[၄၃] မီဒီယာအဖွဲ့အစည်းခေါင်းဆောင်သုံးဦးနှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ သည့် အချက်အလက်များဖြစ်သည်။

ပြောက်ခဲ့သည့် ဂျာနယ်လစ်များသည်ပင် ပျမ်းမျှ ၈၄ ရက်ကြာ ထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။ [၄၄]မည်သို့ ပင်ဖြစ်စေ တပ်မတော် အနေဖြင့်မူ ဂျာနယ်လစ်အား ထိုသက်တမ်းအတိုင်း လွတ်လပ်ခွင့် ကိုပိတ်ပင်ခြင်း ၊ အပြင်းအထန် ညှဉ်းပန်းမှုများနှင့် ရှည်လျားစွာ ထိန်းသိမ်းထားခြင်းတို့ကို ပြုလုပ် ခြင်းသည်ပင်  ဂျာနယ်လစ်များအတွက် နောက်နောင်တွင် ကိုယ်တိုင် သတင်းမှန်မှ ဖြတ်တောက် လျော့ပေါ့ရေးသားသွားစေမည့် အကြောင်းရင်း တစ်ရပ်အဖြစ် ထည့်သွင်း တွက်ဆထားဟန်ရှိ သည်။

ထောင်ကျသွားနိုင်သည် ဆိုသော ချိမ်းခြောက်မှုသည် ဂျာနယ်လစ်များအတွက် ကိုယ်တိုင် မိမိတို့သတင်း ရေးသားမှုများတွင် အလိုအလျောက်ဖုံးဖိ ဖြတ်တောက် လုပ်ရရန် တွန်းအားဖြစ် စေသည်။ ဂျာနယ်လစ် အချို့က လွတ်မြောက်လာချိန်တွင် စွဲချက်များကို အပြီးသတ် ဖျက်သိမ်း ထားခြင်းလား၊ သို့မဟုတ်  စုံစမ်းစစ်ဆေးမှုအောက်တွင် ပြန်လွှတ်ခြင်း ဖြစ်ပြီး နောင်တွင် ထပ်မံဖမ်း ဆီးခံရနိုင်ခြင်း ရှိမရှိ  မသေချာကြပါ။ တပ်မတော်ကလည်း တချို့ ဂျာနယ်လစ် များကို မိမိတို့ကို ဆန့်ကျင်လျှင် သို့မဟုတ် အတိုက်ခံအဖွဲ့များကို ထောက်ခံလျှင် ယခင်တရားစွဲမှုများမှ စွဲချက်များကို ပြန်လည်အသက်သွင်းကာ အရေးယူမည်ဟု သတိပေး လိုက် ကြ သည်။။ ထိုအပြင်၊ တချို့သတင်း သမားများအား ထောင်မှလွတ်မြောက်ရန်အတွက် “နောင်တွင် သတင်းရေးသား တော့မည် မဟုတ် ကြောင်း” ကတိဝန်ခံချက်များ ရေးထိုးစေခဲ့သည်။ လွတ်မြောက်ပြီးသော ဂျာနယ်လစ်များ အနက် အချို့ (၅ %ခန့်)ကို တပ်မတော်က ထပ်မံ ဖမ်းဆီးခဲ့ပြီး၊တစ်ချို့ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ထိတွင်လည်း ထပ်မံ ဖမ်းဆီးရန် ကြိုးပမ်းနေဆဲ ဖြစ်သည် ကို တွေ့ရသည်။

## ပြစ်ဒဏ်သက်တမ်း မပြည့်မီ ပြန်လွှတ်ခြင်း

အာဏာသိမ်း ပြီးနောက် ဖမ်းဆီးခံရသော ဂျာနယ်လစ်၈၈ ဦးအနက် တစ်ဝက်ကျော် (၅၆%) မှာ ၎င်း သုတေသနတွင် သုံးသပ်ထားသည့် ကာလအပြီးတွင် ပြန်လွှတ်ခံရပြီးဖြစ်သည်။ သူတို့အားလုံးကို ပြစ်ဒဏ် သက်တမ်းကာလ အပြီးတိုင် မကျခံရသေးပဲ အချိန်မပြည့်ခင် စောစီးစွာ ပြန်လွှတ်ပေး ခဲ့သည်။ ဥပမာအားဖြင့် နှစ်နှစ်စာ ပြစ်ဒဏ် ချမှတ်ခံထားသော ဂျာနယ်လစ်များးကို ပျမ်းမျှ ၁၄ လ ကြာပြီးနောက် ပြန်လွှတ်ခဲ့ပြီး၊ နှစ်ပေါင်း သုံးနှစ်စာ ပြစ်ဒဏ် ချမှတ်ခံထားသော ဂျာနယ်လစ် များ ကို

[၄၄] ဖမ်းဆီးခံရပြီး တစ်ပတ်အတွင်း ပြန်လွှတ်ခြင်းခံခဲ့ရသူများမှာ ထက်ဝက် (၅၂%) ဖြစ်ပြီး၊ ထောင်ထဲတွင် တစ်နှစ်မပြည့်မီ ပြန်လွှတ်ခဲ့သူ များမှာ စုစုပေါင်း (၉၇%) ဖြစ်သည်။ ၎င်းအနက် (၃%) မှသာ နှစ်နှစ်အထိ ထိန်းသိမ်းခံခဲ့ရပြီးနောက်မှ ပြန်လွှတ်ခဲ့သည်။

လည်း ပျမ်းမျှ ၁၅ လကြာပြီးနောက် ပြန်လွှတ်ခဲ့ သည်။[၄၇]သို့ရာတွင် အချိန်မပြည့်ဖြင့် ပြန်လွှတ်ခွင့် ရခဲ့သည့် ဂျာနယ်လစ် တစ်ဦးချင်းစီသည်ပင် ပျမ်းမျှ ၄၈၆ ရက်ကြာ ထောင်တွင်း အကျဉ်းကျ ခံခဲ့ ရသည်။ တပ်မတော်အနေဖြင့် ကာလကြာမြင့်စွာ ထောင်ချထားမှုကို နောင်တွင် ဂျာနယ်လစ် ကိုယ်တိုင် သတင်းများကို ထိန်းချုပ်ဖြတ်တောက် ရေးသားသွားစေရန် လုံလောက်သည့် ပိတ်ပင်မှု အဖြစ် တွက်ဆထား ဟန်ရှိသည်။

သို့သော် ပြန်လွှတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်များသည် ဗဟိုမှညွှန်ကြားချမှတ်ခဲ့ခြင်း ဟုတ်မဟုတ် သေချာစွာ သိရှိနိုင်ခြင်း မရှိခဲ့ပါ။ ပြစ်ဒဏ်သက်တမ်း မပြည့်မှီ ပြန်လွှတ်ခွင့် ပေးခံရသူ ဂျာနယ်လစ်များမှာ ကိုယ်ရေးနောက်ကြောင်း နှင့်ဆိုင်သလား ၊ သို့မဟုတ် အလုပ် လုပ်ကိုင်ရာနေရာ ကြောင့်ပင်ပြန်လွှတ်ခွင့် ပေးခဲ့လေသလား ဆိုသည်ကို သေချာသော ဆက်နွယ်မှုတစ်ခုခု မတွေ့ရှိရခဲ့ပေ။ အောက်တွင် ဖော်ပြထားသော ဇယားအရ အချိန်မပြည့်ဖြင့် ပြန်လွှတ်ခွင့်ရခဲ့သည့် ဂျာနယ်လစ် များသည် အချိန် တိုတို ပြစ်ဒဏ် ချမှတ် ခံထားသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ၂ နှစ်စာ ပြစ်ဒဏ် ချမှတ်ခံထားသူ ဂျာနယ်လစ်များး အားလုံး (၁၀၀%) ပြန်လွှတ်ခံရခဲ့ပြီး၊ ၂ နှစ် မှ ၃ နှစ် အတွင်း ပြစ်ဒဏ် ချမှတ်ခံထားရသူများ အနက် အများစုဖြစ်သော (၈၃%) ကိုလည်း ပြန် လွှတ်ခဲ့သည်။ နှစ်ရှည်ပြစ်ဒဏ် ချမှတ်ခံထားရသည့် ဂျာနယ်လစ်အများစုမှာကား အခုထိပင် ထောင် တွင်း၌သာ ရှိနေဆဲဖြစ်ပြီး၊ ယင်းမှာ တပ်မတော် အနေဖြင့် အတိုက်အခံများကို အပြင်းအထန် ချေ မှုန်းပစ်မည်ဆိုသော သဘောထားကို စံနမူနာ ပြထားလိုသည့် ရည်ရွယ်ချက်ကြောင့်ပင် ဖြစ်နိုင် သည်။[၄၈]

| အပြစ်ဒဏ်ချမှု အမျိုးအစားအလိုက်ပြန်လွှတ်မှုနှုန်း (၂၀၂၅ဖေဖော်ဝါရီလအထိ ပြန်လွှတ်ထားသောရာခိုင်နှုန်း) | | | |
|---|---|---|---|
| ၁၀၀% (၁၈လ အထိ) | ၈၃% (၂နှစ် မှ ၃နှစ်) | ၇% (၄နှစ်မှ ၉နှစ်) | ၁၀% (၁၀နှစ်မှ ၂၀နှစ်) |

[၄၇] ဂျာနယ်လစ်အချို့သည် ထောင်ဒဏ်ဆောင်ဆဲဖြစ်နေသောကြောင့်၊ ၎င်းတို့၏ ပြန်လွှတ်ချိန် မသေချာသေးမှုကြောင့် ပျမ်းမျှ ထောင်ဒဏ် အကြာအချိန်သည် ပြစ်ဒဏ်အပြည့်ဝ အဆင့်အဖြစ် မသတ်မှတ်နိုင်ခဲ့ပါ။

[၄၈] ထောင်ဒဏ်အကြာကြီး ချမှတ်ခံထားရသည့် ဂျာနယ်လစ်များးအနက် အနည်းငယ် (၁၇%) သာ ပြန်လွှတ်ခဲ့ကြပြီး၊ ထိုထဲတွင် နှစ် ၁၁ ထောင်ဒဏ် ချမှတ်ခံထားရသော ဂျာနယ်လစ်တစ်ဦးလည်း ပါဝင်သည်။ ထိုဂျာနယ်လစ်သည် သတ်မှတ်ထားသော နှစ် ၁၁ ထောင်ဒဏ်အနက် ခြောက်လသာ ကျ ခဲ့ပြီး ပြန်လွှတ်ခဲ့သည်။

# အမျိုးသမီးဂျာနယ်လစ်များ အတွက် ကွာခြားချက်များ

တပ်မတော်သည် လူမရွေးလက်မရှောင် ပဲ ဖမ်းဆီးမှု များပြုလုပ်နေသော်လည်း ဂျာနယ်လစ် များကို ဖမ်းဆီးရာတွင် လိင်အခြေခံ ခွဲခြားဆက်ဆံမှုများ မသိမသာတော့ ရှိနေသည်ဟု မှတ်ယူ နိုင်သည်။

အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံ ရသော ဂျာနယ်လစ်များ အနက် အနည်းဆုံး အမျိုးသမီး ဂျာနယ်လစ်၃၃ ဦးသည် လွတ်လပ်ခွင့် ဆုံးရှုံးခဲ့ရပြီး၊ ၎င်းသည် စုစုပေါင်းဖမ်းဆီးခံရသူများ၏ ၁၅ % ဖြစ်သည်။ [၄၇]သုတေသန ကာလ အဆုံးတွင် ထောင်တွင်း အကျဉ်းခံနေရသည့် ဂျာနယ်လစ်၅၁ ဦးအနက် ၈ ဦး (၁၆%) သည် အမျိုးသမီးများဖြစ်ကြသည်။ [၄၈]အာဏာသိမ်း မှု မတိုင်မီကာလတွင် မြန်မာ သတင်း မီဒီယာကဏ္ဍ၌ အမျိုးသမီးများသည် ၂၅ %ခန့် ပါဝင်နေခဲ့သော်လည်း၊ ၎င်း၏ အချိုးအစားသည် ဖမ်းဆီးခံရသူများအနက်၌ ကိုယ်စားပြုမှု နည်းပါးနေသည်။ လေ့လာ သုံးသပ်သူများက အာဏာသိမ်းပြီးနောက် သတင်း အလုပ်သည် အမျိုးသမီးများအတွက် ပိုအန္တရာယ် များသဖြင့် ဆက်လက်လုပ်ကိုင်သူနည်းလာခြင်း အမျိုးသမီးများ၏ ပါဝင်မှု နှုန်းလျော့ နည်း လာသည် ဟုဆို၏။ [၄၉] ထို့ပြင် လေ့လာသူများက မိန်းကလေး ဂျာနယ်လစ်များကို ၎င်းတို့၏ မိသား စုများနှင့် လုပ်ဖော်ကိုင်ဖက်များက အန္တရာယ်များသော နေရာရှိ သတင်းအလုပ်မျိုး ဆိုလျှင် မပါ ဝင်မိအောင် ပိုမို ကာကွယ် ပေးထားတတ်ကြပြီး ၊ အမျိုးသမီး ဂျာနယ်လစ်များကို အမျိုးသား များနှင့် နှိုင်းလျှင် သတင်းသြဇာနည်းသည်ဟု တပ်မတော်က မြင်သဖြင့် ထင်ရှားသည့် ခြိမ်းခြောက်မှု အဖြစ်

---

[၄၇] ICNL သည် ဂျာနယ်လစ်စုစုပေါင်း၏ ၉၆ %အတွက် လိင်အမျိုးအစားအား သတ်မှတ်ခဲ့ပြီး "အမျိုးသား" သို့မဟုတ် "အမျိုးသမီး" အပြင် အခြားသော လိင်သဘောထားရှိသူများကို မသတ်မှတ်နိုင်ခဲ့ပါ။ ထိုသို့ မဖော်ပြနိုင်ခြင်းသည် သက်ဆိုင်သူများက မိမိတို့၏ လိင်သဘောထား (alternative gender or no gender) ကို မမျှဝေခဲ့သဖြင့် ဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင်း လိင်စိတ်ခံစားမှု မတူညီသူများ (LGBTQ) ၏ ယေဘုယျအခြေအနေကို ပိုမိုသိရှိလိုပါက Outright International (2021) ရေးသားသော "2021 Myanmar Crisis: Implications for LGBTQ People" အစီရင်ခံစာအား ရယူဖတ်ရှုနိုင်ပါသည်။

[၄၈] နှစ်စဉ် မြန်မာနိုင်ငံရှိ ဂျာနယ်လစ်အရေအတွက်စုစုပေါင်းနှင့် သူတို့၏လိင်အမျိုးအစားအခြေအနေကို သုံးသပ် ဖော်ထုတ်ရန် စစ်တမ်းများ ပြုလုပ်လာကြသည်။ စစ်အာဏာ သိမ်းမှုမတိုင်မီကာလအတွင်း စစ်တမ်းအချို့အရ အမျိုးသမီး ဂျာနယ်လစ်များးသည် စုစုပေါင်းဂျာနယ်လစ်များး၏ ၂၃ %ခန့် ရှိကြောင်း ဖော်ပြထားသည်။ Irrawaddy (၂၀၁၈), "အမျိုးသမီးဂျာနယ်လစ်များးက NLD အစိုးရအောက်တွင် သတင်း အချက် အလက်ရယူခြင်းပို၍ခက်ခဲကြောင်းပြောသည်"။

[၄၉] ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းခေါင်းဆောင် ၃ ဦးနှင့် အင်တာဗျူးများ ပြုလုပ်ခဲ့ သည့် အချက်အလက်များဖြစ်သည်။

သိပ်မမြင်ကြသောကြောင့် အမျိုးသားများနှင့် တန်းတူ ပစ်မှတ်မထားဘဲ ရှိနေခြင်းမျိုး ကြောင့်လည်း ဖြစ်နိုင်သည်ဟု ယဉ်ကျေးမှု ဓလေ့ထုံးစံ ဆိုင်ရာ အကျင့်စရိုက် အချက် အလက် များ ကိုပါ ထည့်သွင်း ထောက်ပြကြသည်။

## ပိုမို မြင့်မား သောပြစ်ဒဏ် ချမှတ်နှုန်းများ

ဖမ်းဆီးခံရသည့် ဂျာနယ်လစ် စုစုပေါင်းအနက်၌ အမျိုးသမီး ပါဝင်မှု အရေအတွက် မှာ လျော့နည်းခဲ့သော်လည်း၊ ၎င်းတို့သည် အမျိုးသားများထက်ပင် ပိုမို ဆိုးရွားသည့် ရလဒ်များနှင့် ကြုံတွေ့ ခဲ့ကြရသည်။ အောက် ဖော်ပြပါ ဇယားအရ တစ်ကြိမ်ဖမ်းဆီး ခံခဲ့ရသည့် အမျိုးသမီး ဂျာနယ်လစ်များသည် စွဲချက် တင်ခြင်း မရှိဘဲ ဖြေရှင်းလွတ်မြောက်နိုင်ခြင်းမှာ အမျိုးသားများထက် နည်းပါး နေခဲ့သည်ရာ၊ အချိုး ကွာဟမှုမှာ (၁၉ % နှင့် ၃၃ % ) ဖြစ်နေသည်။ ထို့အပြင်၊ အမျိုးသမီးများသည် ပြစ်မှုတစ်ခုခုအတွက် စွဲချက်တင်ခံရမှုနှုန်းမှာ ပိုမြင့်မားခဲ့သည်၊ အချိုး ကွာဟမှုမှာ (၆၅% နှင့် ၆၀%) ဖြစ်နေ သည်။ တရားစွဲခံပြီး နောက်တွင်လည်း အမျိုး သမီးများသည် အဖမ်းအဆီး မှ လွတ်မြောက်လာနိုင်ခြင်းမှာ ပိုမိုနည်းပါးနေခဲ့သည်၊ အချိုး ကွာဟမှုမှာ (၁၆% နှင့် ၂၂%) ဖြစ်နေသည်။ ထို့အပြင် ပြစ်မှု ကျဉ်းဆွဲခံရမှု (သို့) ပြစ်မှုကျခံရမှု (conviction) စုစုပေါင်းအနေဖြင့်လည်း အမျိုးသမီး များသည် အမျိုးသားများထက် ပိုမိုမြင့်မားခဲ့သည်၊ အချိုးကွာဟမှုမှာ (၅၀% နှင့် ၃၇%) ဖြစ်နေသည်။

အထက်ဖော်ပြခဲ့သည့် ကွာခြားချက်များက လိင်အခြေခံ ခွဲခြားဆက်ဆံမှု ရှိနေကြောင်းညွှန်း နေသည်။ အရပ်ဘက်အဖွဲ့အစည်းမှ စောင့်ကြည့် လေ့လာ သူအချို့က အမျိုးသမီးဂျာနယ်လစ်များ သည် အမျိုးသားများထက် ပံ့ပိုးသည့်ကွန်ယက်တို့ နည်းနေသေးပုံရကြောင်း စိုးရိမ်တကြီး ပြော ကြသည်။[၅၀]၎င်းတို့တွင် ဥပဒေရေးရာ အသိပညာ ဗဟုသုတရှိမှု၊ ဥပဒေ ပညာရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပတ်သက်သည့် အတွေ့ကြုံ နှင့် ဝင်ရောက်နိုင်ခွင့် နည်းပါးခြင်းတို့ ကြောင့်လည်း ဖြစ်နိုင်သည်။ အာဏာသိမ်းပြီးစ ကာလအတွင်း ဆန္ဒပြပွဲများအပေါ် သတင်းယူ နေသောအမျိုးသား ဂျာနယ်လစ် များကို စစ်အာဏာရှင် အဖွဲ့က လူမရွေး၊ ကျားမ မခွဲပဲ ဖမ်းဆီးခဲ့သည်။ သို့သော် ထို ဂျာနယ်လစ် အချို့က မကြာခင် ပြန်လွတ်လာခဲ့ကြောင်း စောင့်ကြည့် သူအချို့က ဖော်ပြသည်။ အမျိုးသမီး ဂျာနယ်လစ်များ အနေဖြင့်တော့ စစ် အာဏာရှင်၏ လိင်ပိုင်း ဆိုင်ရာ အမြင်ကြောင့်

[၅၀] ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းခေါင်းဆောင် ၃ ဦးနှင့် အင်တာဗျူးများ ပြုလုပ်ခဲ့ သည့် အချက်အလက်များဖြစ်သည်။

ခြိမ်းခြောက် နိုင်စွမ်း နည်းသူများ အဖြစ်မြင် ခံရခြင်းများရှိနေပြီး၊ အာရုံစိုက်မှု နည်းနေ သည်ဟု ထင်ရှားသည်။

နောက်ပိုင်း အချိန်များတွင် အဖမ်းအဆီးများ များပြားလာသည်နှင့်အမျှ အမျိုးသမီးများအပါအဝင် ဂျာနယ်လစ်ဂျာနယ်လစ် အားလုံးကို တိတိကျကျ ပစ်မှတ်ထား ၍ ဖမ်းဆီးလာသည်ဟု တွေ့ရသည်။

တပ်မတော်၊ ရဲ၊ ပြည်သူ့အမှုထမ်းများနှင့် တရားသူကြီးများ၏ ဆုံးဖြတ်ချက်များ အတွင်း လိင် အခြေပြု ကွဲပြားမှုများ ရှိနေသည်မှာ လူ့အသိုင်းအဝိုင်း ထဲတွင် အမြဲတမ်း ထင်မြင်လာသည့် ခွဲခြားမှု အမြင်များကြောင့်သာမက၊ အမျိုးသမီးများအား အရေးမပါသူများ အဖြစ် မုန်းတီး နှိမ့်ချစွာ မြင်လာအောင် ပုံဖော်ပြစ်ဒဏ် ပေးသည့်သဘောမျိုး လည်းဖြစ်ကောင်းဖြစ်နိုင်သည် ဟု အရပ်ဘက် အဖွဲ့အစည်းမှ စောင့်ကြည့်သူအချို့က ဆိုကြ၏။

| **တရားစွဲဆိုခံရခြင်း၊ လွတ်မြောက်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတွင် ကျား၊မ ကွဲပြားမှုများ** |
|---|
| စွဲချက်တင်ခြင်း မရှိဘဲ ဖြေရှင်းလွတ်မြောက်မှု<br>၁၉ % အမျိုးသမီး — ၃၃% အမျိုးသား |
| ဖမ်းဆီးပြီးနောက် စွဲချက်တင်ခံရမှု<br>၆၅% အမျိုးသမီး — ၆၀% အမျိုးသား |
| စီရင်ချက်မချမီ လွတ်မြောက်မှု<br>၃၅% အမျိုးသမီး — ၃၅% အမျိုးသား |
| စီရင်ချက် ချခံရမှု<br>၅၀% အမျိုးသမီး — ၃၇% အမျိုးသား |

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

## ပိုမို လျော့ပါးသော ပြစ်ဒဏ်ချခြင်းများ

လိင်ကွဲပြားမှု အခြေပြု ဖမ်းဆီးမှုများအတွင်း အချို့သည် အမျိုးသမီးဂျာနယ်လစ်များအတွက် မျက်နှာ သာပေး သည်ကို တွေ့ရသည်။ သို့သော် တရား စီရင်ရေး ပိုင်း ထဲသို့ ရောက်သွားသော အမှုများ အတွက်မူ များသောအားဖြင့် တရားသူကြီးက ဥပဒေအရ ချမှတ်နိုင်သည့် အမြင့်ဆုံး ဒဏ်ချမှတ်ခဲ့ပြီး၊ ယင်းသည် လူမရွေး၊ လိင်မရွေး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး ဂျာနယ်လစ်အများစုသည် အမျိုးသား ဂျာနယ်လစ်များ အများစုနှင့်အတူ ၁၈၆၁ ခုနှစ် ပြစ်ဒဏ်ဥပဒေ၏ ၅၀၅(က) ပုဒ်မဖြင့် ချမှတ်ခံရပြီး သုံးနှစ်အထိ အကျခံခဲ့ကြသည်။ သို့သော်အမျိုးသား ဂျာနယ်လစ် အနည်းအစုမှာမူ ၁၀ နှစ်မှ ၂၀ နှစ်အထိ ပိုမိုပြင်း ထန်သော ဥပဒေ များဖြင့် စွပ်စွဲကာ တရားမျှတ မှုမရှိ သည့်ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ ထို့သို့ပင် အမျိုးသား များသည် ပျမ်းမျှအားဖြင့် ထောင်ဒဏ် ၅.၉ နှစ် ခန့် ခံခဲ့ရပြီး၊ အမျိုးသမီးများ အတွက် အနည်းငယ် သက်သာ သော်လည်း ၄.၉ နှစ် ခန့်ဖြစ်ရာ သိသိသာသာ ပြင်းထန်မှု ရှိခဲ့သည် ချည်းပင်ဖြစ်၏။

အမျိုးသမီး ဂျာနယ်လစ်များသည် မိမိတို့၏ လွပ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်း အဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့်အရေးများအပေါ် လိင်အခြေပြု ချိုးဖောက်မှုများကို ကြုံတွေ့ခဲ့နိုင်သည်။ ထိုအဖြစ်အပျက်များသည် မှုရင်းအမှုမှတ်တမ်းများတွင် ထုတ်ဖော်မှတ်တမ်းတင်ထားခြင်း မရှိသေးဘဲ၊ ယခု အချိန်အထိလည်း လုံလောက်စွာ စူးစမ်းလေ့လာမှု မရှိသေးသောကြောင့် ထပ်မံ သုံးသပ်စစ်ဆေး ရန်လိုအပ် နေသည်။ ဥပမာအားဖြင့်၊ တိကျသည့်အချက်အလက်များ မရှိသော်လည်း စုံစမ်းစစ်ဆေးမှုများ အတွင်း အမျိုးသမီးဂျာနယ်လစ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများကို ပိုမိုများပြားစွာ ကြုံတွေ့ခံစားခဲ့ရ နိုင်ကြောင်း ခန့်မှန်းနိုင်သည်။ ထို့အပြင် သူတို့အနေဖြင့် မိမိတို့ အလုပ်ရှင်များ၊ မိသားစုများနှင့် လူ့အသိုင်း အဝိုင်းထဲမှ လူများထံမှလည်း လိင်အခြေပြု ခွဲခြားဆက်ဆံမှုများကို ခံစားနေရနိုင်သည်။ လိင်မရွေး သဘောထားဖြင့် ကျူးလွန်သကဲ့သို့မြင်ရသည့် ချိုးဖောက်မှု အမျိုးအစားများတွင်ပင် အမျိုးသမီး ဂျာနယ်လစ်များအနေဖြင့် မတူညီသည့် လိင်အခြေပြု အကျိုးဆက်များနှင့် ရင်ဆိုင်ရနိုင်သည်။ ဥပမာအားဖြင့် ဖမ်းဆီးခံထားရသော အမျိုးသမီး ဂျာနယ်လစ်များသည် ရိုးရာအစွဲ အမြင်များ နှင့် ပုံသေသဘောထားများ ကို ကျော်လွန်ကာ လုပ်ငန်း ဆောင်ရွက်နေသည်ဟု သတ်မှတ်ခံရပြီး၊ ထိုကြောင့် “ကိုယ့်အပြစ်ကိုယ်ဘဲ”

ဆိုသည့် သားကောင်ကိုသာ အပြစ်ဖို့ခြင်း အမြင်များနှင့် လူမှုရေးအမြင်စွဲများကို မကြာခဏ ရင်ဆိုင်နေရသည်။[၅၁]

## မြန်မာဂျာနယ်လစ်များ တွေ့ကြုံခဲ့ရသည့် အခြား ချိုးဖောက်မှုများ

မြန်မာနိုင်ငံရှိ ဂျာနယ်လစ် များသည် လွတ်လပ်ခွင့် ဆုံးရှုံးရခြင်းများ ကိုသာ ဦးတည်ဖော်ပြရန် ပြုစုသည့် ဤအစီရင်ခံစာတွင် မပါဝင်သော ဆင်ဆာဖြတ်ရန် ရည်ရွယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ အများအပြားကို ကြုံတွေ့ခဲ့ရသည်။ ဖမ်းဆီးခံထားရခြင်းပင် မရှိသော (အနည်းဆုံး) တဦးအား တပ်မတော်က သတ်ဖြတ်ခဲ့ပြီး၊ တချို့ အခြား ဂျာနယ်လစ်များမှာလည်း တရားမျှတမှုမရှိသော အခြေအနေများ အောက်တွင် မိမိအမှုကို လွတ်လပ်စွာ စုံစမ်းစစ်ဆေး ပေးမည့် အလားအလာမရှိပဲ ဘဝတ လျှောက်အကျိုး သက်ရောက်မည့် အကြမ်းဖက်မှုများကို ခံနေကြရသည်။[၅၂] တပ်မတော်က ဂျာနယ်လစ်များ အပါအဝင်၊ ဆန့်ကျင်သည့်သူများ ကိုလိုက်လံဖမ်းဆီး ရန် ကြည့်ရှုစောင့်ကြပ်မှုများနှင့် ဆက်သွယ်ရေးစနစ်မှ ကြားဖြတ်စောင့်ကြပ် ဖမ်းဆီးမှုများကို တိုး မြှင့်ခဲ့သည်။[၅၃] ကိုယ်ရေး အချက်အလက် ဖော်ထုတ်ခြင်း (doxing) ကဲ့သို့သော ဂျာနယ်လစ် များးအပေါ် အွန်လိုင်းမှ ခြိမ်းခြောက်မှုများ( အထူးသဖြင့် ) လုပ်ရပ်များလည်း ကျယ်ပြန့်ခဲ့သည်။[၅၄] အများအပြားသော ဂျာနယ်လစ်များးက ဖမ်းဆီးခြင်းမှ လွတ်မြောက်ရန် နိုင်ငံပြင်ပသို့ ထွက်ပြေး ရှောင်တိမ်းရခြင်း သို့မဟုတ် ဇာတ်မြုပ်နေထိုင်ရခြင်း ရွေးချယ်ခဲ့ကြရသည်။[၅၅] ထို့နောက် ထွက်ပြေးသွားသူ ဂျာနယ်လစ်များ၏ မိသားစုများကို တပ်မတော်မှ ခြိမ်းခြောက်၊ ဖမ်းဆီးခဲ့ပြီး၊ သူတို့၏ ပိုင်ဆိုင်မှုများကိုလည်း တရားမဝင် သိမ်းယူခဲ့သည်။ [၅၆]နိုင်ငံပြင်ပမှ သတင်းရေးသားခြင်းကို သော်လည်းကောင်း၊ မြေအောက်သတင်းရေးသားခြင်းကို သော်လည်းကောင် ဆက်လက်

---

[၅၁] Free Expression Myanmar (၂၀၁၉) ၊ "မြန်မာနိုင်ငံရှိ လူမျိုးစောင့် အစွဲများ ကို ခုခံဖီဆန်ရန် ရဲဝံ့ ခြင်း"။

[၅၂] စိုင်းဝင်းအောင်ကို တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်ဟု Committee to Protect Journalists (၂၀၂၃ ) မှ ထုတ်ပြန်သော "မြန်မာနိုင်ငံတွင် ဂျာနယ်လစ်နှင့် မီဒီယာလုပ်သား ၁၀ ဦး သေဆုံးမှု" ဆောင်းပါးတွင် ဖော်ပြထားသည်။ ထို့အပြင် သတင်းတင်ဆက်နေစဉ် ဂျာနယ်လစ်အချို့သည် မီးလက်နက်ထိမှန်၍ ဒဏ်ရာရခဲ့ကြောင်း Amnesty (2021) မှ "မြန်မာနိုင်ငံ – ဂျာနယ်လစ်များးအား အရေးယူညှဉ်းပန်းမှု ရပ်ပေး" ဆောင်းပါးတွင် ဖော်ပြထားသည်။

[၅၃] Freedom House (၂၀၂၃) ၊ "လိုင်းပေါ် ရှိ မြန်မာ့ လွတ်လပ်မှု-" ။

[၅၄] တပ်မတော်ထောက်ခံသူများသည် Telegram မှာ ဂျာနယ်လစ်များး၏ နေရပ်လိပ်စာနှင့် မိသားစုအချက်အလက်များကို ရှာဖွေထုတ်ပြပြီး၊ ၎င်းတို့ကို အပြစ်ပေးရန် တောင်းဆိုခဲ့ကြသည်။

[၅၅] နိုင်ငံတကာ ဂျာနယ်လစ်များအဖွဲ့ချုပ် (၂၀၂၁)၏ "မြန်မာ။ ။ ပြည်ပြေးခဲ့ရ သော်လည်း အသံတိတ်သွားမှာ မဟုတ်။

[၅၆] ဧရာဝတီ (၂၀၂၂)၊ ၏ မြန်မာစစ်အစိုးရက အာဏာရှင် ဆန့်ကျင် သော အနုပညာရှင်များနှင့် ဂျာနယ်လစ်များ၏ အိမ်များကို သိမ်းယူ။

လုပ်ကိုင်ရခြင်းမှာလည်း လုံခြုံမှုမရှိဘဲ၊ စီးပွားရေးအခွင့်အရေးများ၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်များနှင့် ပုဂ္ဂိုလ်ရေး ၊ စိတ်ပိုင်း၊ လူမှုရေး ကျန်းမာရေးအပေါ် အပြင်းအထန် ဆိုးကျိုး သက်ရောက်မှုများ ဖြစ်စေခဲ့သည်။[၅၇]

# သတင်း မီဒီယာ အဖွဲ့အစည်းများအပေါ် သက်ရောက်မှု

တပ်မတော်က သတင်းမီဒီယာအဖွဲ့အစည်းများကို တိုက်ရိုက်အာဏာသုံး၍ ပိတ်သိမ်းခြင်း အပြင်၊ တစ်ဖက်တွင် ပြည်သူတို့အတွက် အတွေ့အကြုံအများဆုံးနှင့် ယုံကြည်စိတ်ချဆုံး သတင်းအရင်းအမြစ်များကို ပိတ်ဆို့ရန် ၄င်းတို့၏ ဂျာနယ်လစ်များးကို ဖမ်းဆီးခြင်းဖြင့် နှိပ်ကွပ် ခဲ့သည်။[၅၈]

လွပ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့်အရေးများ ဥပဒေအရ သေချာစွာ ကာကွယ်ပေးရန် အစိုးရမှ မပြုလုပ်နိုင်ခဲ့မှုကြောင့် မီဒီယာ အဖွဲ့အစည်းတစ်ခုလုံး ကို တပ်မတော်မှ ထိရောက်စွာ နှိပ်ကွပ် ထိန်းချုပ်နိုင်ခဲ့သည်။ (နောက်ဆက်တွဲ အချပ်ပို တွင်ကြည့်ပါ)။ ဥပမာအားဖြင့်၊ တပ်မတော်က ၂၀၁၄ ခုနှစ်ထုတ် ပုံနှိပ်နှင့် ထုတ်ဝေရေး အက်ဥပဒေကို အသုံးချကာ သတင်းစာ အဖွဲ့အစည်း ၁၅ ခုထက်မနည်းသော မီဒီယာများ၏ လိုင်စင်များကို ပယ်ဖျက်ကာ၊ ၎င်းတို့အား တရားမဝင်မီဒီယာအဖြစ် တားမြစ် ပိတ်သိမ်းလိုက်သည်။[၅၉] ယခင် NLD အစိုးရမှ ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေ ပြဿမှုဥပဒေကို အကောင်အထည်

[၅၇] အယ်လ်ဂျာဇီယာ (၂၀၂၂)၊ ၏"မြန်မာ့ စိတ်ဒဏ်ရာတို့က ဂျာနယ်လစ်တွေ လူ့အခွင့်အရေး သမားတွေကို ခြောက်လှန့်နေတယ်။"
[၅၈] ထိခိုက်ခံရသော ဂျာနယ်လစ်အနည်းစုသည် အလွတ်ဂျာနယ်လစ်များ (၁၇%) ဖြစ်သော်လည်း အများစုမှာ မီဒီယာတစ်ခုနှင့် ဆက်စပ်နေတတ်သည်။
[၅၉] ၂၀၂၃ ခုနှစ်တွင် စစ်အစိုးရသည် ပုံနှိပ်ထုတ်ဝေရေး ဥပဒေရှိ ယခင်ရှိနေသော လျော့ရဲရဲ အကာအကွယ်ပေး မှုများကိုပင် ဖယ်ရှားပြီး၊၄င်း ဥပဒေကို ပြင်ဆင် ကာ ထုတ်ဝေမှု လိုင်စင်များကို လွတ်လပ်စွာ ထိန်းချုပ်လိုက်သည်။

မဖော်နိုင်ခဲ့သဖြင့်၊ တပ်မတော်က တီဗီနှင့် ရေဒီယိုလိုင်စင်များကိုတော့ ပယ်ဖျက်ရန်ပင် မလို အပ်ခဲ့ဘဲ၊ လိုင်စင်အသစ်များကို ထပ်မထုတ်ပေးပဲ ထားလိုက်သည်။[၆၀]

ကံကောင်း ထောက်မစွာဖြင့် တစ်ချို့သတင်း မီဒီယာ ဌာနများ အများစုမှာ တပ်မတော်၏ အထွေထွေ နှိပ်ကွပ်မှု၊ သတင်းမီဒီယာရုံးခန်းမျ ဝင်စီးနှောင့်ယှက်ခြင်း၊ နှင့် လိုင်စင်ဖျက်သိမ်းမှုများကို မမှုပဲ ဆက်လက် လည်ပတ်နိုင်ခဲ့သည်များ ရှိကြ၏။[၆၁] ဂျာနယ်လစ်များနှင့် မီဒီယာအဖွဲ့ အစည်း အချို့မှာ ယခင်ကတည်းက ဖိအားအောက်တွင် လုပ်ကိုင်ရန် ကျင့်သားရ နေကြပြီးသား ဖြစ်သော ကြောင့် ဆက်လက်တည်ရှိ နိုင်ခဲ့သည်။ သို့သော် လိုင်စင်ပယ် ဖျက်ခြင်းသည် ဂျာနယ်လစ်များ အပါအဝင် ဆက်စပ်သူ အားလုံးအတွက် အန္တရာယ်များကို တိုးစေခဲ့သည်။ ဥပမာအားဖြင့်၊ ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ခဲ့သော ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ အရ လိုင်စင်မရှိပဲ သတင်း မီဒီယာလုပ်ငန်း လုပ်ကိုင်သူများကို တစ်ဦးချင်းစီ အနေနှင့် ပြစ်မှုအဖြစ် သတ်မှတ် ခဲ့ပြီး ငါးနှစ် ထောင်ဒဏ် ချမှတ်နိုင်လာခဲ့သည်။[၆၂]

## ဖမ်းဆီးခံရသူ ဝန်ထမ်းများ

မြန်မာနိုင်ငံ အတွင်း လူထုအတွက် သတင်းပေးနေသည့် သတင်းမီဒီယာ အဖွဲ့အစည်း ၁၁၂ ခုအနက်၊ ၉၆ % ခန့်ဖြစ်သည့် မီဒီယာအဖွဲ့အစည်း အများစုသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှစ၍ လွပ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ အရေးကြီးသော လူ့အခွင့်အရေး ချိုးဖောက်မှုများစွာကို ခံခဲ့ရသည်။[၆၃] အဆိုပါ မီဒီယာ ၁၁၂ ခုအနက်မှ အနည်းဆုံး ၉၉ ခု (၈၈ %)တွင် ဂျာနယ်လစ်ဝန်ထမ်းများ ဖမ်းဆီးခံခဲ့ရပြီး၊ ၎င်းတို့အနက် ဂျာနယ်လစ်၄၁ %ခန့်မှာ ထောင်ဒဏ်ချမှတ်ခြင်းခံရခဲ့သည်။ အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း၊ မီဒီယာအဖွဲ့အစည်းအတချို့တွင် ဂျာနယ်လစ်တဦးတည်းမက၊ တစ်ဦးထက်ပိုသော ဝန်ထမ်းများကို

---

[၆၀] Mizzima နဲ့ DVB ကို အစိုးရလိုင်စင်ချန်နယ်တွင် ဖော်ပြခွင့်ပေးခဲ့ပေမယ့်၊ ၂၀၁၅ ရုပ်မြင်သံကြားဥပဒေအရ ကိုယ်ပိုင်လိုင်စင် ရသင့်သော်လည်း ယခင်အစိုးရက မထုတ်ပေးသဖြင့် မရရှိခဲ့ပါ။

[၆၁] The Guardian (၂၀၂၁) ၏ အတိုက်အခံ  မီဒီယာ ဌာနချုပ်ကို မြန်မာလုံခြုံရေးတပ်ဖွဲ့များက ဝင်ရောက်စီးနင်"နှိမ်နင်းမှု များနေရာအနှံ့ မြင့်တက်နေသည်"။

[၆၂] "ထုတ်ဝေမှု လိုင်စင်များကို ဖျက်သိမ်းလိုက် ခြင်းက လိုင်စင်မရှိသောထုတ်ဝေမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်သူများ၊ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုပေးသူများအတွက် တရားဝင်အန္တရာယ်များ ပိုမိုမြင့်တက်လာသည်။" Free Expression Myanmar (2021)၏ " မီဒီယာဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ ပြန်ပေါ်လာခြင်း၊ အင်တာနက် ခြိမ်းခြောက်ခံရခြင်း"။

[၆၃] အရေးကြီးသော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ဖမ်းဆီးခြင်း၊ လိုင်စင်ဖျက်သိမ်းခြင်း၊ ပစ္စည်းဆက်စပ် အာမခံများကို သိမ်းယူခြင်းနှင့် ရည်ရွယ်ချက်ရှိသည့် အကြမ်းဖက်မှုများ ပါဝင်သည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

ဖမ်းဆီးထားခြင်းများလည်းရှိသည် (၄၂ %)။ [၆၄]မီဒီယာအဖွဲ့အစည်းတစ်ခုတွင် ဂျာနယ်လစ်၁၄ ဦးတိတိ ဖမ်းဆီးခံထားရခြင်းကိုလည်း တွေ့နိုင်သည်။

| သတင်းမီဒီယာအဖွဲ့အစည်း မှ ဖမ်းဆီးခံထားရသော ဂျာနယ်လစ်အရေအတွက် | | |
|---|---|---|
| ဂျာနယ်လစ် ၁ဦး။<br>ထိခိုက်မှု ရှိသော သတင်းဌာန ၏ ၅၈% | ဂျာနယ်လစ် ၂ဦးမှ-၃ဦး။<br>ထိခိုက်မှု ရှိသော သတင်းဌာန ၏ ၂၉% | ဂျာနယ်လစ် ၄လေးဦး ထက်မနည်း။<br>ထိခိုက်မှု ရှိသော သတင်းဌာန ၏ ၁၃% |

အဖွဲ့ဝင်ဂျာနယ်လစ် တဦး ဖမ်းဆီးခံရခြင်းသည် မီဒီယာအဖွဲ့ တစ်ခုလုံးအတွက် အရေးကြီးသော သက်ရောက်မှုများ ရှိကြောင်း သတင်းမီဒီယာ လေ့လာသူများက သုံးသပ် ဖော်ပြခဲ့သည်။[၆၅] ထိုဖမ်းဆီး ခံရသောအမှုမှာ မီဒီယာအဖွဲ့၏ လုပ်ငန်းစွမ်းရည် (အထူးသဖြင့် ရှိပြီးသား အင်အားနည်းမှု) ကို ထပ်မံအားအင်လျော့နည်း ပင်ပန်းစေသည့်အပြင်၊ လုပ်ငန်း၏ ဆောင်ရွက် နိုင်စွမ်းကိုပါ ထိခိုက်စေသည်။ ဖမ်းဆီး ခံထားသူ ဂျာနယ်လစ်များ အတွက် အမှုအခင်း ကုန်ကျ စရိတ်များ၊ မိသားစုကို ထောက်ပံ့ရခြင်းစသော တာဝန်များကို ထမ်းဆောင်ရန် အတွက် ထပ်ဆောင်း အရင်းအနှီးဖြစ်သော လူ့အင်အားနှင့် ဘဏ္ဍာရေးအရ ကုန်ကျစရိတ် လိုအပ်ချက်များ တိုးလာ စေသည်။ ထို့ပြင် မီဒီယာအဖွဲ့များသည် ထပ်မံဖမ်းဆီးမှု ဖြစ်နိုင်ခြေကို လျော့ချရန်အတွက် လုံခြုံ ရေးဆိုင်ရာ ထောက်ပံ့မှုများလည်း ပြုလုပ်ရန်လိုအပ်လာရာ၊ ထို့အတွက် အခြား ဂျာနယ်လစ် များကို ဇာတ်မြုပ်ခိုင်းရခြင်း သို့မဟုတ် နိုင်ငံပြင်ပသို့ ထွက်ခွာ ခိုင်းရခြင်းများလည်း လုပ်ဆောင် ရသည်။ အဖမ်းဆီး ခံရသော အမှုတိုင်းတွက် အဖွဲ့တစ်ခုလုံး၏ ဂုဏ်သိက္ခာထိခိုက်ခြင်း၊ စိတ်ကျရောဂါ၊ စိုးရိမ်မှု၊

[၆၄] ဤ ဖော်ပြချက် တွင် ဝန်ထမ်းစာချုပ်ဖြင့် လုပ်ကိုင်နေသော ဂျာနယ်လစ်များးနှင့် ပြင်ပ သတင်းဆောင်းပါးရှင်များr ၊ အလွတ်တမ်းဂျာနယ်လစ်များ သို့မဟုတ် "ပြည်သူ့ဂျာနယ်လစ်" များကဲ့သို့ စာချုပ်အခြေပြု ဂျာနယ်လစ်များးလည်း ပါဝင်သည်။
[၆၅] ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၈ ရက်တွင် မီဒီယာခေါင်းဆောင် ၄ ဦးနှင့် အဓိကသတင်းအချက်အလက်ရယူရန် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အထီးကျန်မှမ်းကျပ် မှုများဖြစ်ပွားစေကာ အဖွဲ့ဝင်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျဆင်း မှုကိုပါ ဖြစ်စေသည်။

## အမျိုးမျိုးသော ဆိုးကျိုး ထိခိုက်မှု

တပ်မတော်က ဂျာနယ်လစ်များကို ဖမ်းဆီးခြင်းသည် မီဒီယာအဖွဲ့များကို နည်း အမျိုးမျိုးဖြင့် ထိခိုက်စေခဲ့သည်။ ဖမ်းဆီးခံရသော ဂျာနယ်လစ်များအနက် အများစုဖြစ်သော ၈၆ % သည် ပုဂ္ဂလိက လွတ်လပ်သော သတင်းမီဒီယာ အဖွဲ့များတွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်။ ထို့အပြင် လွပ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ အခြေခံ အခွင့်အရေးများကို မဆင်မခြင် ချိုးဖောက်နေသည့် တပ်မတော်၏ လုပ်ရပ်ကြောင့် စစ်အာဏာရှင်တို့မှ ထိန်းချုပ်သော သတင်း မီဒီယာ (သတင်း  ဝန်ကြီးဌာနက ထိန်းချုပ်သော မီဒီယာများ) သို့မဟုတ် စစ်အာဏာရှင်နှင့် နီးစပ်သော"ခရိုနီ" မီဒီယာ အဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသော ဂျာနယ်လစ်များသည် ပင်လျင် လည်း (စုစုပေါင်း ၈ %) ဖမ်းဆီးခံခဲ့ရသည်။[၆၆]

ထိခိုက်မှုရှိသည့် သတင်းမီဒီယာအဖွဲ့ ၉၉ ဖွဲ့သည် ပရိတ်သတ် အမျိုးမျိုးကို သတင်းတင်ဆက် ပေးနေခြင်း ဖြစ်သည်။ ဖမ်းဆီးခံရသည့် ဂျာနယ်လစ်အနက် တစ်ဝက်ကျော်  (၅၂%) သည် နိုင်ငံ အနှံ့ အပြား သတင်းဖော်ပြသော မီဒီယာအဖွဲ့ ၄၅ ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူများဖြစ်ပြီး၊ ကျန်သူများအနက် (၄၃%) သည် ဒေသခံ တိုင်းရင်းသားသတင်းမီဒီယာ ၄၀ ဖွဲ့တွင် တာဝန် ထမ်းဆောင်နေသူ များ ဖြစ်သည်။ ကျန်တဲ့ (၆%) သည် BBC ကဲ့သို့သော နိုင်ငံခြားသတင်းမီဒီယာ ၁၁ ဖွဲ့တွင် အလုပ်လုပ်နေသူများ ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများကို ဖိနှိပ်လေ့ရှိသည့် တပ်မတော်၏ ခွဲခြားဆန်သည့် လုပ်ဆောင်ချက်များက ယခင်တိုင်း ဆက်လက်ရှိနေပြီး၊ တိုင်းရင်းသား မီဒီယာတွင် တာဝန်ထမ်းဆောင်နေသည့် ဂျာနယ်လစ်များ: (၁၆%) ကို ဖမ်းဆီးခဲ့သည်။ ထို့အပြင် ပထမဦးဆုံးအဖြစ် တပ်မတော်က ဗမာလူမျိုးများ အရေးကို ဝန်ဆောင်မှုပေးနေသည့်

[၆၆] ICNL သည် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီအောင် "ဂျာနယ်လစ်" ဟု ဖော်ပြသည့် အဓိပ္ပါယ်ဖွင့် သတ်မှတ်မှုကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကာ သုံးနှုန်းခဲ့သည်။ ထို့ကြောင့်၊ ICNL ၏ ဖော်ပြချက် တွင် "တပ်မတော်ထောက်ခံသည့်" မီဒီယာများနှင့် နိုင်ငံပိုင်မီဒီယာများတွင် ပါဝင်သူများကိုပါ ဂျာနယ်လစ်အဖြစ် ထည့်သွင်း ဖော်ပြခဲ့သည်။ သို့သော် ထို တပ်မတော်ထောက်ခံ" သူများကို ဂျာနယ်လစ်အဖြစ် စာရင်းသွင်း မသတ်မှတ် ကြသည့် စောင့်ကြည့်လေ့လာ သူတချို့လည်း ရှိကြသည်။

သတင်းမီဒီယာ အဖွဲ့များမှ ဂျာနယ်လစ်များး (၂၇%) ကိုလည်း ဖမ်းဆီးခဲ့ပြီး ၎င်းတို့မှာ တပ်မတော်၏ တပ်သား အများစုနှင့် လူမျိုး တူသော ဗမာလူမျိုးစုထဲမှ ဖြစ်ကြသည်။

ဖမ်းဆီးခံရသည့် ဂျာနယ်လစ်များး၏ အနည်းဆုံး တစ်ဝက်ထက်ပိုသော (၅၃%)သည် ပြည်တွင်းရှိ အန္တရာယ်များ တိုးလာသည့်အတွက် ပြည်ပသို့ အဓိက လုပ်ငန်းများကို ရွှေ့ပြောင်းလိုက်သော သတင်းမီဒီယာ များတွင် တာဝန်ထမ်းဆောင်ခဲ့ ကြသူများဖြစ်သည်။ ကျန်တဲ့ တစ်ဝက် (၄၇%) သည် ပိတ်သိမ်းသွားသော သို့မဟုတ် မြန်မာနိုင်ငံတွင်းမှာ တချို့သော အဓိက လုပ်ငန်းများကို မူဝါဒပြုပြင်မှုမရှိဘဲ ထိန်းသိမ်းထားသော သတင်းမီဒီယာများတွင် တာဝန်ထမ်းဆောင်ခဲ့ ကြ သူများ ဖြစ်သည်။ ၎င်းတို့ထဲမှ တချို့သည် ဇာတ်မြုပ်နေရပြီး၊ တချို့သည် နယ်စပ် ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်သည့် နယ်မြေများတွင် ခိုအောင်းကာ ဆက်လက်လုပ်ကိုင်နေရသည်။[၆၇]

## တည်းဖြတ်ရေး မူဝါဒ အမျိုးမျိုးဖြင့် ရပ်တည်သော ဌာနများ

တပ်မတော်က သတင်းမီဒီယာများ၏ တည်းဖြတ်ရေး မူဝါဒ အမျိုးမျိုးနှင့် သက်ဆိုင်သော ဂျာနယ်လစ်များကို ဖမ်းဆီးခဲ့သည်။ အထူးသဖြင့် ဖမ်းဆီးခံရသည့် ဂျာနယ်လစ်များးအများစု (၆၈%) သည် တပ်မတော်နှင့် ဆန့်ကျင်သည့် မူဝါဒကို လက်ခံရပ်တည်ထားသော သတင်းမီဒီာများတွင် တာဝန်ထမ်းဆောင် နေသူများဖြစ်သည်။ ဖမ်းဆီးခံရသူများထဲမှ တချို့ (၆%) သည် တပ်မတော်နှင့် ဆန့်ကျင်သည့် တည်းဖြတ်မူဝါဒရှိသော မီဒီယာများတွင် လုပ်ကိုင်နေသူများ ဖြစ်သည်။ [၆၈]

သို့သော် တပ်မတော် နှင့်သဘောထား နီးစပ်ပြီး လိုက်သာလာသာ ရပ်တည်သော တည်းဖြတ်ရေး မူဝါဒကို လက်ခံထားသော မီဒီယာများတွင် လုပ်ကိုင်နေသူ ဂျာနယ်လစ်များ (၁၂%) သည်လည်း ဖမ်းဆီး ခံခဲ့ရသည်။ ထို့အပြင် တပ်မတော်သည် မီဒီယာ နှိပ်ကွပ်ရေး မူဝါဒကို ထပ်မံတိုးချဲ့သည့်

---

[၆၇] ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့သော အာဏာသိမ်းမှုနောက်ပိုင်းတွင် တပ်မတော်သည် နိုင်ငံအနှံ့အပြားတွင် ထိထိရောက်ရောက် ထိန်းချုပ်မှုမရရှိနိုင်ခဲ့ပါ။ ထို့ကြောင့် နိုင်ငံ နယ်မြေ တစ်ဝန်း ၌ အာဏာ ဆန့်ကျင်ရေးတပ်ဖွဲ့ တစ်ဖွဲ့မဟုတ် တစ်ဖွဲ့ ထိန်းချုပ်ထား ကာ အစိုးရ အာဏာ စိုးမိုးမှု မရှိသည့် ဒေသများစွာ ပေါ်ထွက်လာခဲ့သည်။ ယခင်အစိုးရများလည်း နိုင်ငံတစ်ဝှမ်း အလုံးစုံ ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သော်လည်း ပိုမိုကျယ်ပြန့်စွာ ထိန်းချုပ်နိုင်ခဲ့ကြဖူးသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးရုံး (OHCHR) ၏ ၂၀၂၃ ခုနှစ်ထုတ် "ဥပဒေစိုးမိုးမှုကင်း မဲ့ပြီး တရားမဝင်သောအာဏာ – မြန်မာ့တပ်မတော်၏ အစိုးရအဖြစ် ခေါ် ဆိုခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တုံ့ပြန်မှုအပေါ် သုံးသပ်ချက်"

[၆၈] စစ်အာဏာသိမ်းမှုနှင့်ပတ်သက်သော တည်းဖြတ်မှုအနေအထားများကို အကြောင်းအရာသုံးသပ်မှုမှတစ်ဆင့် သတ်မှတ်ခဲ့သည်

သဘောဖြင့်၊ တပ်မတော်ကို အလွန်ထောက်ခံသော တည်းဖြတ်ရေး မူဝါဒရှိသော မီဒီယာများတွင် တာဝန် ထမ်းဆောင်နေသူ ဂျာနယ်လစ်များ၏ (၅%) ကိုပါထည့် ဖမ်းဆီး ပစ်ခဲ့သည်။

| တည်းဖြတ်ရေး မူအလိုက် ဖမ်းဆီးမှုများ | | | | |
|---|---|---|---|---|
| ၆ % | ၆၈% | ၁၀% | ၁၂ % | ၅% |
| အပြတ် ဆန့်ကျင်သူ။ | တစ်နည်းနည်းဖြင့် ဆန့်ကျင်သူ။ | ကြားနေ | တစ်နည်းနည်းဖြင့် တပ်ထောက်ခံသူ။ | တပ်ကို အပြတ်ထောက်ခံသူ။ |

# နိဂုံး

တပ်မတော်သည် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်ကို ထိန်းချုပ်ရန် အကြောက်တရားနှင့် တင်းကျပ်သော ဥပဒေများကို အသုံးချကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းဖွဲ့စည်းခွင့်ကို တရားမဝင် အဖြစ် သတ်မှတ်ပြီး ဂျာနယ်လစ်များးကို ဖမ်းဆီး၊ ညှင်းပမ်းပြီး ပြန်လွှတ်ခြင်းဖြင့် ခြိမ်းခြောက်ဖိအားနှင့် အကြမ်းဖက်မှုများကို အခြေခံသော အထပ်ထပ် ဖိထောင်းသော ဝပ်ကမိုး (whac-a-mole) နည်းလမ်းများကို အသုံးချကာ ကိုယ်တိုင် သတင်းဖြတ်တောက်ရေးသား လာစေရန် ဖိအားပေးခဲ့ပြီး သတင်း မှန် ဆက်လက် ထုတ်ပြန်သူများကို နောက်ပိုင်းတွင် တင်းကျပ်သော ထောင်ဒဏ်များ ချမှတ်ခဲ့သည်။[၆၉]

အာဏာသိမ်းမှုဖြစ်ပြီး သုံးနှစ်အတွင်း တပ်မတော်က ဂျာနယ်လစ်၂၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့ အနက်မှ ၈၈ ဦးကို စုစုပေါင်း ၄၉၇ နှစ်အထိ ထောင်ဒဏ် ချမှတ်ခဲ့ရာ၊ ချမှတ်ခဲ့သည့် ပြစ်မှု များသည် ပြစ်မှု ကြောင်းအရ အဓိပ္ပါယ်တိကျ ရှင်းလင်းမှု မရှိသော "လှုံ့ဆော်မှု"၊ " သတင်း တု ဖြန့်ဖြူးမှု"၊ " အကြမ်းဖက် လှုပ်ရှား မှုများ" စသည်ဖြင့် ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီထိ ဂျာနယ်လစ်၅၁ ဦးကို ထောင်ဒဏ် ချမှတ်ထားဆဲဖြစ်ပြီး၊ တချို့က ၂၇ နှစ်အထိ ထောင်ဒဏ်ခံစားရသည်။ ထို့အပြင် တပ်မ

[၆၉] ကစားသမားတစ်ဦးသည် အပေါက်များမှ ကျပန်းထွက်လာစေသော အဖု များကို ဖိထုထောင်းရမည့် ဂျပန်ဂိမ်း။

တော်သည် သတင်းမီဒီယာများကို ဖိနှိပ်ရန် လိုင်စင်ပယ်ဖျက်ခြင်း၊ တားဆီးခြင်း၊ အင်တာနက် ဖြတ်တောက်ခြင်းတို့ဖြင့် ဖိအားပေးခဲ့သည့်အပြင် ဖမ်းဆီးခံရသည့် ဂျာနယ်လစ်များကြောင့် မီဒီယာများ၏ အရင်းအမြစ်များ၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်ကိုလည်း ထိခိုက်စေခဲ့သည်။

တပ်မတော်သည် သတင်းအချက်အလက်ကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်း မရှိသေးပါ။ ကြံ့ခိုင်သော ဂျာနယ်လစ်များနှင့် မီဒီယာအဖွဲ့များသည် သတင်းများကို ဆက်လက်ဖော်ပြနေပြီး၊ ပြည်သူတို့သည်လည်း တက်တက်ကြွကြွ ဖတ်ရှုကြသည်။ အနာဂတ်တွင် တပ်မတော်သည် ပိုမိုတင်းကျပ်သော ဥပဒေများ ချမှတ်ကာ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မှုကို ပိုမို အားနည်းအောင် လုပ်လာနိုင် သည့်အပြင် ဖမ်းဆီးခံရသည့် ဂျာနယ်လစ်များအတွက် ပိုမိုပြင်းထန်သည့် ထောင်ဒဏ်များ ချမှတ် လာနိုင်သည်။

အနာဂတ် နိုင်ငံ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တပ်မတော်၏ လုပ်ရပ်များ ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းဖွဲ့စည်းခွင့် အပေါ် ဆိုးကျိုး သက်ရောက်မှုများကို ပြန်လည်ဖြည့် လျော့ပေးရန် အရေးကြီးပြီး၊ ဂျာနယ်လစ်များနှင့်ပူးပေါင်း၍ မီဒီယာလွတ်လပ်မှုကို ထာဝရ ကာ ကွယ်နိုင်ရန် သန်မာသည့် မူဘောင်တစ်ခု ထူထောင်သင့်သည်။ ထို့အပြင်၊ နောင်တစ်ချိန် တိုင်းပြုပြည်ပြုတည်ဆောက်မှုများ ဆောင်ရွက်ရာ၌၊ အာဏာသိမ်းမှုအတွင်း လွတ်လပ်စွာ ပြောဆိုခွင့်နှင့် သက်ဆိုင်သော ရာဇဝတ်မှုများ အတွက် တရားမျှတမှု ရှိစေရန်နှင့် သင့်တင့်သော ကုစားမှုများကို ထည့်သွင်းထား သင့်သည်။ ပြုပြင်ပြောင်းလဲ မှုများအားလုံးသည် အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေး စံနှုန်းများနှင့် လျော်ညီ သင့်သည်။

## အကြံပြုချက်များ

**မြန်မာနိုင်ငံ၏ အနာဂတ် တရားဝင်အစိုးရအတွက် -**

- လွပ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုပေါင်းဆောင်ရွက်ခွင့်နှင့် အသင်းဖွဲ့စည်းခွင့်တို့ကို ကာကွယ် ရန်အတွက် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် သက်ဆိုင်သော ဥပဒေများ၊ မူဝါဒများနှင့် အစီအမံများ ကို ဥပဒေ ချမှတ်၍ တာဝန်ယူတည်ဆောက် ဆောင်ရွက်ရမည်ဖြစ်သည်။ ဤလုပ်ဆောင်မှုတွင် သတင်းမီဒီယာ အထူးဥပဒေများ၊ သတင်းမီဒီယာနှင့် ဂျာနယ်လစ်များကို နှိပ်စက်ရန်အသုံး ပြုလေ့ရှိသော တာဝန်ယူမှု ချို့တဲ့နေသည် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများ၊ အရည်အသွေး ချို့တဲ့ သည့် တရားစီရင်ရေး လုပ်ငန်းစဉ်များမှသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများနှင့်ညီ သော စနစ်

ဆီသို့ တဖြည်းဖြည်း အဓိပ္ပါယ် အနှစ်သာရ ပြည့်စုံစွာ ပြောင်းလည်းနိုင်ရန် စီမံဆောင်ရွက်ရမည်။

- တပ်မတော်မှ မတရားပြုပြင် ရေးဆွဲထားသော ဥပဒေများကိုမူ ရုပ်သိမ်းခြင်းထက် တရားဝင်မှု မရှိခဲ့ကြောင်း လည်းကောင်း ၊ ဂျာနယ်လစ်များအပေါ် ချမှတ်ခဲ့သော အမှုများနှင့် ပြစ်ဒဏ်များ ကို လည်း ပြန်လွှတ်ပေးခြင်းမျိုး မဟုတ်ပဲ ချမှတ်ခဲ့သော လုပ်ရပ်သည်ပင် တရားမဝင်သော လုပ်ရပ် အဖြစ်သို့ အတိအလင်း သတ်မှတ်ကျေငြာရမည်။ ဤနေရာတွင် "တရားမဝင် "ဆိုသော စကား ရပ်မှာ မည်သည့် အခါကမှ ထိုသို့ လုပ်ပိုင်ခွင့် မရှိခဲ့ဖူး သလို၊ ထိုလုပ်ရပ်သည်ပင် ဥပဒေ၏ ဘောင် အတွင်း ၌လည်း မရှိခဲ့ဖူးသည် ကို ရည်ညွှန်းသည်။[၇၀]
- ဂျာနယ်လစ်များ အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အထူးသဖြင့် ညှင်းပန်းမှုကျူးလွန်ခဲ့မှု များကို လုံလောက် ပြီးစုံလင်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်တင့်သော အဖြေနှင့် နည်း လမ်းများ ရှာဖွေပြီး ကုစားပေးရန် လိုအပ်သည်။ ဤကုစားမှုတွင် နစ်နာခံစားနေရသူများ အတွက် ထိရောက်သော ဖြည့်ဆည်းပေးမှုနှင့် ဆက်လက် ပံ့ပိုးမှုများ ပါဝင်သင့်ပါသည်။ ထို့အပြင် တပ် မတော်နှင့် ၎င်း၏ ရဲ၊ စစ်ကြောရေး၊ ဥပဒေ တရားသူကြီးများ၊ ထောင်အာဏာပိုင်များ အစရှိသည့် ကိုယ်စား လှယ်များ ကို တာဝန်ယူစေရန် ဆောင်ရွက်ရမည်။

## ကုလသမဂ္ဂနှင့် ၎င်း၏ယန္တရားများအတွက်

- မြန်မာနိုင်ငံအား အခြားနိုင်ငံများနှင့် နိုင်ငံရေးတန်းတူ အလေးကာ ဦးစားပေးမှု ရှိရှိ အရင်းအမြစ် ပံ့ပိုးမှုများထည့်ဝင် ဆောင်ရွက်ပေးသင့်သည်။ မီဒီယာလွတ်လပ်ခွင့်နှင့် ဂျာနယ်လစ်များ၏ လုံခြုံရေးကို တိုးမြှင့်ရန်၊ မူဝါဒများ ထုတ်ပြန်ပြီး နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများကို တိုးတက်စေရန်၊ ပါဝင်သက်ဆိုင်သူများ၏ တုံ့ပြန်မှုများကို

[၇၀] ဥပဒေသဘာဝ တွင် ပြစ်မှုချမှတ်ချက်တစ်ခုကို "မရှိခဲ့ဘိသကဲ့သို့ မှတ်ယူ ဖျက်သိမ်းခြင်း" (nullify) ဆိုသည်မှာ ၎င်းသည် မည်သည့် အခါကမှ မဖြစ်ပွားခဲ့သကဲ့သို့ပင် သတ်မှတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းဥပဒေနှင့် ဆက်စပ်သော အခွင့်အရေးများ၊ တာဝန်များ၊ ပြစ်မှုများလည်း မတည်ရှိခဲ့သကဲ့သို့ ပင် ဖြစ်သည်။ တပ်မတော်၏ လုပ်ရပ်များသည် မူလကတည်းက တရားမဝင်ခဲ့ကြောင်း ဤအယူအဆက ပုံဖော်ပြသသည်။ ဥပဒေ အရ ပြန်ရုပ်သိမ်းခြင်း (repealing) သို့မဟုတ် အပြစ်မှ ခွင့်လွှတ် ပေး ခြင်း (pardoning) ဆိုသည်မှာ  မူလ ဥပဒေ သို့မဟုတ် ပြစ်မှုချမှတ်ချက်သည် တရားဝင်ဖြစ်ကြောင်း  သော်လည်း ယခုအခါတွင် ဥပဒေ စည်းနှောင်အား မရှိတော့ခြင်း သို့မဟုတ် ထိရောက်မှုမရှိတော့ခြင်းကိုသာ ရည်ညွှန်းသည်။

အခြေခံ၍ ကုလသမဂ္ဂ၏ စံနှုန်း မူဘောင်အတိုင်း အစီအမံတို့ ကို အမြဲသုံးစွဲ လုပ်ဆောင် ရန် လိုအပ်သည်။

- ကုလသမဂ္ဂသည် လူ့အခွင့်အရေးမြှင့်တင်မှု၊ တာဝန်ယူမှုရှိသော စီမံကိန်းများ ဆောင်ရွက်မှု၊ သတင်း မီဒီယာ လွတ်လပ်မှုအထူး သဖြင့် တပ်မတော်နှင့် ဆက်နွယ်မှုများကို တိကျသေချာစွာ သုံးသပ်ရန် တာဝန်ယူမှုရှိစွာ ပါဝင်ဆောင်ရွက်သင့်သည်။ မြန်မာပြည်သူတို့၏ ကိုယ်စားလှယ်များ၏ ဆန္ဒကို လေးစားလိုက်နာပြီး တာဝန်ယူမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။ ထို့အပြင် လူ့အခွင့်အရေးကို ဦးစားပေးဆောင်ရွက်မှုအစီအစဉ် ထည့်သွင်း ဆောင်ရွက်ပြီး "ရိုစင်သာလ် အစီရင်ခံစာ" မှ ယခင်က အကြံပြုခဲ့သည့် အချက်များကိုပါ အခြေခံတည်ဆောက်ရန် လိုအပ်သည်။
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုစားလှယ်တော် ၏ ခိုင်မာသည့် ဦးဆောင်မှုကို ဆက်လက် ထောက်ခံ ဆောင်ရွက်သင့်သကဲ့သို့ အခြား အထူးတာဝန်ရှိ အဖွဲ့များ၏ သက်ဆိုင်ရာကိစ္စ အလိုက် ကျွမ်းကျင်မှု များကိုပါ ထည့်သွင်း၍ ကြားဝင်ဆောင်ရွက်မှု အမျိုးမျိုးအား တိုးချဲ့ဖွံ့ဖြိုး ဆောင်ရွက် သင့်သည်။
- ဂျာနယ်လစ်များးကို နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအစီအစဉ်များတွင် ကိုစားပြုမှုရှိရှိ ပါဝင် နိုင်ရေးကို သေချာစွာ စီမံရန်လိုအပ်သည်၊ သတင်းလွတ်လပ်ခွင့်ကို ချိုးဖောက်ကျူးလွန်သော ရာဇဝတ်မှု များအတွက် တာဝန်ယူမှုတာဝန်ခံမှု ရှိစေရေးကို နိုင်ငံတကာ၏ တိုက်တွန်းထောက်ခံမှုကို ပြသ ဆောင်ရွက်ရမည် ဖြစ်သည်။

## ပြည်ပနိုင်ငံမှ အစိုးရများနှင့် အလှူရှင် အေဂျင်စီများသို့

- မြန်မာနိုင်ငံရှိ ထိခိုက်မှုကြီးမားသော လူ့အခွင့်အရေး ပြဿနာများအပေါ် တပ်မတော်မှ သတိဝင် အာရုံစိုက်လာစေရန် ကြိုးစား ဆောင်ရွက် ရမည်။ ဂျာနယ်လစ်များအား ထောင်ဒဏ်ချမှတ်မှု အားလုံးကို အများရှေ့တွင် လူသိရှင်ကြားပြစ်တင် ရှုံ့ချရမည် ဖြစ်သည်။
- သတင်းမီဒီယာအတွက် ရေရှည်ထောက်ပံ့မှုကို တိုးမြှင့်ပေးပြီး၊ ထောက်ပံ့မှုသည် ဆက်လက် ဖြည့်ဆည်း နိုင်ပြီး၊ သေချာတိကျ၊ တည်တံ့မှုရှိသော၊ နောက်ဆုံး အကျိုး ခံစားအပ်သူ များသို့ ရောက်ရှိရန် အာမခံရမည်။ ဤထောက်ပံ့မှုတွင် စိတ်ချရပြီး တုံ့ပြန်နိုင်သော၊ အခွင့်အလမ်းမရွေး သက်ဆိုင်ရာ မီဒီယာအကြောင်း အရာများကို ဖန်တီးရာတွင် အကူအညီပေးခြင်းနှင့် အထူးသဖြင့် အမျိုးသမီးဂျာနယ်လစ်များနှင့်

အခြားလူမှုအဖွဲ့အစည်းများ၏ လုံခြုံရေး၊ ဒစ်ဂျစ်တယ်လုံခြုံရေး၊ ကျန်းမာရေးနှင့် ကောင်းမွန်သောဘဝ အခြေအနေများအား ထောက်ပံ့ပေးခြင်း ပါဝင်ရမည်။

- သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ဂျာနယ်လစ်များးကို တရားရုံးများတွင် ကာကွယ်ရန် နိုင်ငံရေး အတွက် ဒေသခံ လူမှုအဖွဲ့ အစည်း များ ဦးဆောင်သော ချိန်ကိုက်တုံ့ပြန်နိုင်မှု၊ လိုက်လျောညီထွေရှိမှု၊ လက်တွေ့ ကုန်ကျခံသည် အစီအစဉ်များအတွက် ထောက်ပံ့မှုများကို တိုးမြှင့်ရန် လိုအပ်သည့်အပြင်၊ ယင်း ထောက်ပံ့မှုတွင် တရားရေး စနစ်အား စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ဥပဒေ ပညာရှင်များနှင့် သက်ဆိုင်သူများ၏ ထောက်ပံ့ခြင်းနှင့် လေ့ကျင့်သင်ကြားမှုများ ပါဝင်ရမည်။ ထို့အပြင် မိမိကိုယ်ကို ကာကွယ်နိုင်သော နည်းလမ်းနှင့် စနစ်များ ကိုလည်း မဖြစ်မနေ ထည့်သွင်းရန် လိုအပ်သည်။

## Meta အပါအဝင် စီးပွားရေး လုပ်ငန်းများသို့

- ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူဝါဒများအတိုင်း မိမိတို့ စီးပွားရေး လုပ်ငန်း ဆိုင်ရာ မူများတွင် ထည့်သွင်း လိုက်နာ လုပ်ဆောင်ရန် လိုအပ် သည်။ အများပြည်သူသို့ တာဝန်ခံမှုကို ကြေညာခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သုံးသပ်မှုများ တိကျသေချာစွာ ပြုလုပ်ခြင်း၊ သု တေသနရလာဒ်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးကို ထိခိုက် စေသော သက်ရောက်မှုများကို ပြုပြင် ကုစား ပြောင်းလဲနိုင်သော စနစ်များထူထောင်ခြင်း စ သည် တို့ ပါဝင်ရမည်။
- မြန်မာ့ သတင်းမီဒီယာလုပ်ငန်းများအား ထောက်ပံ့ရန်အတွက် ယင်းလုပ်ငန်းများ၏ ဌာနတွင်း စွမ်း ရည်ကို မြှင့်တင်နိုင်ပြီး ဂျာနယ်လစ်များနှင့် မီဒီယာအဖွဲ့အစည်းများ အတွက် တိကျပြီး ပိုမိုတုံ့ပြန်နိုင်စွမ်း ရှိသော လုံခြုံရေး ထောက်ပံ့မှုများ ပေးနိုင်စေရန် လိုအပ်သည်။

## ဂျာနယ်လစ်များနှင့် မီဒီယာများသို့

- အလုပ်သမား သမဂ္ဂများ သို့မဟုတ် လွတ်လပ်သော သတင်းမီဒီယာကောင်စီလိုမျိုး အဖွဲ့အစည်း များဖြင့် ပူးပေါင်းဆောင်ရွက်ကာ မည်သည့် အစိုးရအသစ်အတွက်မဆို မူဝါဒပြောင်းလဲမှု အဆို ပြုချက် များကို တည်ဆောက်ရန် လိုအပ်သည်။ ဤအစီအစဉ်တွင်

တိကျသော၊ မျှဝေထားသော၊ ဦးစား ပေး တောင်း ဆိုမှုများကို ထည့်သွင်းပြီး၊
ထိရောက်မှုကို တိုင်းတာနိုင်ရန် ပွင့်လင်းမြင်သာသော စံချက်များ သတ်မှတ်ရမည်။

# နောက်ဆက်တွဲ- မြန်မာ့မီဒီယာ စည်းမျဉ်းနှင့် ပြစ်မှုဆိုင်ရာဥပဒေမူဘောင်

မြန်မာနိုင်ငံရှိ သတင်းမီဒီယာသည် သက်တမ်းကြာရှည်စွာ တင်းကြပ်သော၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေသော၊ ဆန့်ကျင်သည့် ဥပဒေများကြောင့် ထိခိုက်မှုများ ခံစားရခဲ့ပါသည်။ ထို့ကြောင့် သတင်းမီဒီယာ အဖွဲ့များနှင့် ဂျာနယ်လစ်များအတွက် မဖြစ်မနေ အန္တရာယ်တစ်ရပ် ဖြစ်လာခဲ့သည်။ အထူးသဖြင့် မလိုအပ်သော၊ မတင်မဆန်သော ရာဇဝတ်မှု အရေးယူပုံများသည် သတင်း လွတ်လပ်မှုကို ပိုမို ချုပ်ချယ်ပြီး သတင်းမီဒီယာနှင့် ဂျာနယ်လစ်များအတွက် ကြီးမားသော အန္တရာယ် ဖြစ်စေခဲ့သည်။

အောက်တွင် မြန်မာနိုင်ငံ၏ နောက်ဆုံး နိုင်ငံရေးကာလများနှင့် ထိုကာလများတွင် သက်ဆိုင်သည့် ဥပဒေရေးရာအခြေအနေကို ဖော်ပြထားသည်။

| မြန်မာနိုင်ငံရှိ မကြာသေးမီက သမိုင်းဝင် ကာလများကို နှိုင်းယှဉ်ခြင်း။ | | | | |
|---|---|---|---|---|
| အမျိုးအစား | ၁၉၉၂ - ၂၀၁၁ | ၂၀၁၁ - ၂၀၁၆ | ၂၀၁၆ - ၂၀၂၁ | ၂၀၂၁ - |
| အုပ်ချုပ်ရေး | တပ်မတော် | အရပ်သားတစ်ပိုင်း စစ်တပ် | ရွေးကောက်ခံ အရပ်သား | တပ်မတော် |
| အာဏာရ ပါတီ | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)၊ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)၊ | အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD)၊ | နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ (SAC) |

| ခေါင်းဆောင် | သန်းရွှေ | စစ်ခေါင်းဆောင် ဟောင်း ဦးသိန်းစိန် | ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် | စစ်ခေါင်းဆောင်၊ မင်းအောင်လှိုင် |
| --- | --- | --- | --- | --- |
| လိုင်စင်နှင့် ဆင်ဆာဖြတ်ခြင်း။ | လိုင်စင်နှင့် စာပေအားလုံး ကို ကြိုတင် ဆင်ဆာဖြတ်ခြင်း။ | အကာအကွယ်အသစ်များဖြင့် ထိန်းသိမ်းထား သော ပုံနှိပ်လိုင်စင် | ထုတ်လွှင့်ခွင့်လိုင်စင်ကို ပြုပြင်ပြောင်းလဲခဲ့ သော်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပါ။ | ပုံနှိပ်လိုင်စင်ကို ပြစ်မှုဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့ မှုများဖြင့် ပြန်လည်ပေးအပ်သည်။ |
| မီဒီယာ အခင်းအကျင်း | လွတ်လပ်သော မီဒီယာသည် အဝေးရောက် လည်ပတ်နေသည်။ | ပြည်ပရောက် အမှီအခိုကင်းသော မီဒီယာများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခဲ့သည်။ | မီဒီယာများ စုစည်းမှုရှိသည်။ | အမှီအခိုကင်း သော မီဒီယာများ သည် ပြည်ပသို့ထွက်ပြေးရသည်။ |

၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော စစ်အုပ်ချုပ်ရေး အာဏာအောက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့် အရေးများကို ကျယ်ပြန့်စွာ၊ ရိုင်းပြစွာ နှင့် စနစ်တကျချိုးဖောက်ခြင်းများကို သတင်း မီဒီယာ အနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ထိုအချိန်အတွင်း လုပ်ကိုင်နေသည့် မီဒီယာအမျိုးအစား သုံးမျိုး ရှိခဲ့သည်။ ပထမအမျိုးအစားမှာ အစိုးရပိုင် သို့မဟုတ် "အာဏာရှင်တို့၏ အပေါင်းအဖော်" ပိုင် သတင်းဖြန့် ချိရေးဌာနများ ဖြစ်ပြီး၊ ၎င်းတွင် ရုပ်မြင်သံကြား အဖွဲ့အစည်းများနှင့် အဓိက စာနယ်ဇင်းများအားလုံး ပါဝင်သည်။ [၇၂]ဒုတိယ အမျိုး အစားမှာ လွတ်လပ်သည့် သတင်းမီဒီယာ များဖြစ်သော်လည်း၊ မူဝါဒမဟုတ်သော အကြောင်း

[၇၂] မြန်မာနိုင်ငံတွင် "ခရိုနီ" ဆိုသည်မှာ တပ်မတော်နှင့် နီးစပ်မှုကြောင့် စီးပွားရေးအကျိုးအမြတ် ရရှိသူ ဖြစ်သည်။ တပ်မတော်က အချို့သော ခရိုနီများ ကို မီဒီယာလိုင်စင်များ ချီးမြှင့်ခဲ့သည်။ ၎င်းတို့ပိုင်ဆိုင်သော မီဒီယာများ တွင် ရုပ်မြင်သံကြား၊ သတင်းစာ၊ အင်တာနက်ပလက်ဖောင်းများ၊ စာပေ၊ နှင့် ရုပ်ရှင်များ ပါဝင်သည်။ဤမီဒီယာဌာနများ မှာ ပျော်ဖျော်မှုအကြောင်းအရာများနှင့် တပ်မတော်ထောက်ခံသည့် သတင်းအကြောင်းအရာများ ကို ရောစပ်ဖော်ပြတတ် သည်။

အရာများကို အဓိကထား ဖော်ပြပြီး၊ ထုတ်ဝေမည့် အကြောင်းအရာ အားလုံးကို သုံးသပ်ရေး ကော်မရှင်မှ ကြိုတင် အတည်ပြုရန် လိုအပ်ကာ၊ မိမိတို့၏ ထုတ်ဝေခွင့်လိုင်စင် ပယ်ဖျက် ခံရနိုင်ခြင်း သို့မဟုတ် ဖမ်းဆီးခံရနိုင်ခြင်း စသော အမြဲတမ်း ကြောက်ရွံ့ရသည့် ခြိမ်းခြောက်မှုများအောက်တွင် လည်ပတ်နေကြသည်။ တတိယအမျိုးအစားမှာ "ပြည်ပတွင်ရှိသော မီဒီယာ" များဖြစ်ပြီး၊ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ထိန်းချုပ်မှုစနစ်မှ ကျော်လွှားနေသည့် နိုင်ငံခြားတွင် လည်ပတ်ကြသည်။ တပ်မတော်သည် ၎င်းတို့၏ ဂျာနယ်လစ်များးနှင့် သတင်းအရင်းအမြစ်များကို တတ်သမျှ ရှာဖွေသိရှိရန် ကြိုးပမ်းနေသည့် ကြားမှ ထိုမီဒီယာများသည် သတင်းအချက်အလက်များကို နိုင်ငံ အတွင်းသို့ ဝင်ရောက်ပေးပို့ခြင်းနှင့် နိုင်ငံပြင်ပသို့ ထုတ်ပေးခြင်းတို့ကို အဓိကလုပ်လေ့ရှိသည်။[၇၃]

## စည်းမျဉ်းစည်းကမ်း ကူးပြောင်းမှု

၂၀၀၈ ခုနှစ် စစ်အာဏာရှင်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်တွင် ဒီမိုကရေစီ စနစ် သို့ ကူးပြောင်း သွားမည်ဟု ကြေညာကာ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ တပ်မတော်ကို ထောက်ခံမသည့် အနည်း ငယ်အရပ်ဖက်အဖွဲ့ ပုံဖော်ထားသည့် USDP အုပ်ချုပ်ရေးသစ်က နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေနှင့် အုပ်ချုပ်ရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် စတင် လုပ်ဆောင် ခဲ့သည်။ ထို ပြုပြင် ပြောင်းလဲမှုများသည် လွပ်လပ်ထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်း ခွင့်ဆိုင်ရာ အခြေခံ အခွင့်အရေးအတွက် အနည်းငယ်သော အခြေခံ ကာကွယ်မှုများကို တည်ထောင် ပေးခဲ့ပြီး၊ ယင်းကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ယေဘုယျ အားဖြင့် လျော့နည်းလာစေခဲ့သည်။[၇၄]

၂၀၁၁ ခုနှစ်တွင် ပြည်ပမီဒီယာအချို့ကို အွန်လိုင်းတွင် ပိတ်ပင်ထားမှုများ ဖယ်ရှားခဲ့ပြီး၊ နောက်တစ်နှစ်တွင် သတင်းထုတ်ဝေရေး ကြီးကြပ်မှုအဖွဲ့ (Censorship Board) ကို ပိတ်သိမ်း

---

[၇၃] မြန်မာနိုင်ငံပြင်ပတွင် လည်ပတ်နေသော မီဒီယာများ ကို မကြာခဏ "ပြည်ပရောက် မီဒီယာ" (Exile media) ဟု ခေါ်ဆိုကြသည်။ မူလက ပြည်တွင်းတွင် ဖမ်းဆီးညှဉ်းပန်းမှုများမှ လွတ်မြောက်ရန် ထွက်ပြေးသွားသူများ က နိုင်ငံခြားတွင် ဤသို့ မီဒီယာများ တည်ထောင်ခဲ့ သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက် မြန်မာနိုင်ငံတွင်း လည်ပတ်နေသော မီဒီယာများ အချို့သည် နိုင်ငံခြားသို့ ရွှေ့ပြောင်းကာ ပြည်ပရောက် မီဒီယာအဖြစ် ဆက်လက်လုပ်ကိုင် သည်။

[၇၄] လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းလာမှုအခြေအနေကို သိရှိရန်အတွက် ၂၀၁၁၊ ၂၀၁၅ နှင့် ၂၀၂၁ ခုနှစ်ကာလတွင် ထုတ်ပြန်ထားသော Universal Periodic Review (UPR) အစီရင်ခံစာများကို နှိုင်းယှဉ်ကြည့်ရှုနိုင်ပါသည်။ လင့်ခ် – https://www.ohchr.org/en/hr-bodies/upr/mm-index သို့သော် တိုင်းရင်းသားအနည်းစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်တလဲလဲ ဆက်လက်ဖြစ်ပျက်နေခဲ့သည်။ ။ အထူးသဖြင့် ရိုဟင်ဂျာလူမျိုးအပေါ် ချိုးဖောက်မှုများက ပိုမိုဆိုးရွားလာပြီး အကြမ်းဖက်မှုရာဇဝတ်မှုများအဖြစ် သတ်မှတ်ခံရသည်။ ၎င်းတို့ကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်

ခဲ့သည်။ ထို့နောက် မီဒီယာထိန်းသိမ်းမှုစနစ်ကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် နီးစပ်လာအောင် ပြုပြင်ရန် ဥပဒေသုံးခု ကို ချမှတ် ခဲ့ကြသော်လည်း၊ မီဒီယာ လွတ်လပ်ခွင့် အပြည့်အဝရရှိသော အခြေအနေသို့ မရောက်ရှိနိုင်ခဲ့ပေ။ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သတင်းမီဒီယာဥပဒေသည် သတင်းမီဒီယာ များအတွက် အနည်းငယ်သော လွတ်လပ်ခွင့်များ ပေးခဲ့သော်လည်း၊ သတင်း လွတ်လပ်မှုကို မတန်တဆ ထိခိုက်စေနိုင်သည့် အခြားဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြဋ္ဌာန်းမှုအား တစ်စိုက်မတ်မတ် ပြောင်းလဲခြင်း၊ သို့မဟုတ် ဥပဒေအသစ် များနှင့် ကိုက်ညီမှုရှိရန် တားမြစ်ခြင်းများ ပြုလုပ်ခြင်းမရှိခဲ့ပါ။[၇၅] ၂၀၁၄ ခုနှစ်တွင် ချမှတ်ခဲ့သော ပုံနှိပ် ထုတ်ဝေရေးဥပဒေသည် ပုံနှိပ်မီဒီယာ များအတွက် တရားဝင် လိုင်စင်ယူခြင်းကို မဖြစ်မနေ လိုအပ်သည့်အဖြစ် ဆက်လက်ထားရှိခဲ့ပြီး၊ ၎င်းသည် ယခင်က ထုတ်ဝေမှုများကို မှတ်ပုံတင်ခြင်းမှ ပိတ်ဆို့ရန် အသုံးပြုသော အချို့သော အတားအဆီး အချို့ကို ဖယ်ရှားပေးထားသည်မှ အပ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးစံနှုန်းများနှင့် လည်းမကိုက်ညီပါ။[၇၆] ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြား ဥပဒေသည် လွတ်လပ်သော ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများ ဖွဲ့စည်းနိုင်ရန် ခွင့်ပြုသော ဥပဒေ ဖြစ်သော်လည်း၊ ၎င်းကို အကောင်အထည်မဖော်နိုင်ခဲ့ပါ။

## စည်းကမ်းသတ်မှတ်ရေးပြောင်းလဲမှု အဆုံးသတ်

မြန်မာနိုင်ငံ၌ မီဒီယာဆိုင်ရာ စည်းမျဉ်း စနစ်မှ မကြာသေးမီအချိန်ထိ ကန့်သတ်ချက်များ ပါရှိနေ သော်လည်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ ပထမဆုံး လွတ်လပ်ပြီး တရားမျှတသော မဲရွေးပွဲတွင် မီဒီယာ အဖွဲ့အသစ်များ ပေါ်ထွက်လာခဲ့ကြပြီး၊ ပြည်ပမှ " ပြည်ပြေး မီဒီယာ"များနှင့် ၎င်းတို့၏ ဂျာနယ်လစ်များသည် ပြန်လည် ဝင်ရောက်လာခဲ့ကြသဖြင့် မတူကွဲပြားသော သတင်းမီဒီယာ ကဏ္ဍ တစ်ခုပေါ် ပေါက်လာနိုင်ခဲ့သည်။ ၂၀၁၆ မှ ၂၀၂၁ အထိ သောင်ပြိုကမ်းပြို မဲနိုင်ပြီး အာဏာရကာ ဦးဆောင်ခဲ့သော အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏

တရားရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာတရားသူကြီးရုံး (ICJ) တို့က စုံစမ်းစစ်ဆေးနေသည်။နောက်ထပ်အသေးစိတ်အချက်အလက်များကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ လေ့လာနိုင်ပါသည် – https://iimm.un.org

[၇၅] ဥပဒေပြုသူများသည်" လေ့စ် စပေစီယာ့စ်"( lex specialis ) သီအိုရီ မူသဘောတရား ကို မီဒီယာဥပဒေတွင် အသုံးချနိုင်ကြောင်း ညွှန်းဆိုကြည့် ကြလေ့ရှိသည်။ လေ့စ် စပေစီယာ့စ် မူသဘောတရား" သည် အထူးဥပဒေများသည် အထွေထွေအကြောင်းပြုဥပဒေများကို ကျော်လွှားနိုင်သည် ဟု ဆိုသည်။သို့သော် မြန်မာနိုင်ငံတွင် ထိုသီအိုရီကို လက်တွေ့အသုံးမချနိုင်ခဲ့ ပါ။

[၇၆] Free Expression Myanmar (၂၀၁၇), "သတင်းမီဒီယာ ဥပဒေ"၊ Free Expression Myanmar (၂၀၁၇), "ပုံနှိပ်နှင့် ထုတ်ဝေရေး ဥပဒေ"၊ Free Expression Myanmar (၂၀၁၇), "ထုတ်လွှင့်ရေး ဥပဒေ"။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

အုပ်ချုပ်ရေး အစိုးရသည်လည်း မဲဆွယ်စဉ်က လေသံပစ်ခဲ့သည့် လွပ်လပ်စွာလပ်စွာ ထုတ်ဖော် ပြောဆိုခွင့် နှင့် ဖွဲ့စည်းဆောင်ရွက်ခွင့်စသော အခွင့်အရေးများအား ကာကွယ်ပေးသင့်သည်ဆိုသည့် ကတိများမှ ရှောင်လွှဲကာ၊ စည်းမျဉ်း ဥပဒေဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို ဆက်လက် လုပ် ဆောင်ခြင်းမရှိတော့ပါ။ အထူးသဖြင့် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ပေးသည့် ဥပဒေချမှတ်ခြင်း၊ အစိုးရပိုင် မီဒီယာကို ထိန်းချုပ်လွှမ်းမိုးထားမှုကို အဆုံးသတ်ခြင်း၊ အော်ဝဲလ် ခေါ် သတင်းနှင့် အသိ ပညာကန့်သတ် ကြိုးကိုင်သူ အဖြစ် သရုပ်သဏ္ဌာန်ရှိသော ဝန်ကြီးဌာနကို ပိတ်သိမ်းခြင်း၊ သတင်း ထုတ်လွှင့်ခွင့်ဥပဒေ (Broadcasting Law) ကို အကောင်အထည်မဖော်ခြင်းနှင့် မိမိတို့ထံမှ လွတ်လပ် သောရုပ်သံ ဌာနများကို လိုင်စင်ပေးခြင်းတို့ကို NLD အစိုးရက ဆောင်ရွက်ခြင်း မပြုခဲ့ပါ။

မီဒီယာကဏ္ဍသည် သက်ဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် လူ့အခွင့်အရေး ကာကွယ် မှုများကို ထင်ရှားစွာ မဆောင်ရွက် ထားသော်လည်း၊ ပြောင်းလဲရေးဆိုင်ရာ ဆယ်နှစ်တာကာလ အတွင်း တဖြည်းဖြည်း တိုးတက်လာနိုင်ခဲ့သည်။ ယင်း တိုးတက်မှုမှာ အစိုးရ၏ ထိန်းချုပ်နိုင်မှုမှ လွပ်မြောက် နေသည့် အွန်လိုင်း နယ်ပယ်တွင် လွပ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိခြင်းကြောင့် ဖြစ်သည်။[၇၇]

ဥပမာအားဖြင့် တာဝန်ယူမှု၊ ကျင့်ဝတ်ဖောက်ဖျက်မှု၊ နှိပ်ချခွဲခြားဆက်ဆံခြင်းတို့ ကဲ့သို့သော စွန့်စား ရသည့် အကြောင်းအရာများပါဝင်သည့် နိုင်ငံတကာ၊ ပြည်တွင်း နှင့် ဒေသအလိုက် သတင်း မီဒီယာ အသစ် များသည် အွန်လိုင်းပေါ်တွင် ပေါ်ပေါက်လာခဲ့ကြပြီး၊ ထုတ်ဝေခွင့်လိုင်စင်များကို လိုအပ် သောပုံသေ စံနှုန်းတစ်ရပ်ကို လိုက်နာရန် မလိုအပ်ခဲ့ကြပါ။ ပြောင်းလဲရေးမတိုင်မီကာလအတွင်း အွန်လိုင်းနယ်ပယ်၌ မိမိတို့အာဏာလွှမ်းမိုးနိုင်မှု၏ ကန့်သတ်ချက်များကို မြင်တွေ့ လာခဲ့ပြီး၊ ထိုသို့ လွတ်လပ် ပြောဆိုခွင့် ရနေသည်ကိုပင် သွားရောက်ထိပါး ထိန်းချုပ်နိုင်သော အွန် လိုင်း သတင်း ထိန်းချုပ်ရေး ဥပဒေ အသစ်များကိုပင် NLDအစိုးရက စဉ်းစားစီစဉ် နေခဲ့ပြီ ဖြစ်လေသည်။

## ရာဇဝတ်မှုမြောက်နေရသော သတင်းနှင့်စာနယ်ဇင်း အလုပ်

စည်းမျဉ်းစည်းကမ်းဖြင့် ဖိနှိပ်မှု ပြင်းထန်သည့် ဥပဒေအကြောင်းအရာများအပြင်၊ သတင်း သမား တစ်ဦးချင်း စီသည်လည်း လွပ်လပ်စွာ ထုတ်ဖော်ပြော ဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်တို့ကိုအနိုင်ကျင့် ဖိနှိပ်သော မြန်မာနိုင်ငံ၏ ပြစ်မှုဥပဒေဆိုင်ရာ ဥပဒေ စနစ်ကြောင့် ဆိုးဝါးသော အန္တရာယ်များနှင့် ရင်ဆိုင် နေရသည်။ ထိုဥပဒေ များတွင်

[၇၇] ICNL (၂၀၂၁), "မြန်မာနိုင်ငံ – ဆိုင်ဘာလုံခြုံရေး ဥပဒေမူကြမ်းနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် ခြိမ်းခြောက်မှုများ"။

ကိုလိုနီခေတ်ဆိုး၏ အမွေဆက် ၁၈၆၁ ရာဇသတ်ကြီး ဥပဒေ၊ အထူးဥပဒေများ ဖြစ်သည့် ၂၀၀၄ ခုနှစ် ၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေ

"၁၉၂၃ ခုနှစ် ၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များဥပဒေ"၊ ၂၀၁၃ ခုနှစ်ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) ၊ ၁၉၀၈ ခုနှစ် မတရားအသင်းများ အက်ဥပဒေတို့ ပါဝင်သည်။ ဤဥပဒေများတွင် စည်းမျဉ်းကျန မှန်ကန်မှုမရှိသော၊ အဓိပ္ပါယ် ဖော်ထုတ်ရ ခက်ခဲသည့် အသုံးအနှုန်းများနှင့် အလွန်အမင်း ပြင်းထန်သော အရေးယူမှုများ ပါဝင်နေပြီး၊ ဂျာနယ်လစ်များ၏ လူ့အခွင့်အရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများကာ ကွယ်ပေးထားသော ပုံမှန်သတင်းရေးသားမှုများကိုပင် ရာဇဝတ်မှု မြောက်နေသော လုပ်ရပ်အဖြစ် သတ်မှတ်၍ ဖော်ညွှန်းထားသည်။ USDP နှင့် NLD အစိုးရ နှစ်ရပ်လုံး ၏ အုပ်ချုပ်ရေးများ အောက်တွင် ဂျာနယ်လစ် အများအပြားအား ထောင်ဒဏ် ချမှတ်ခြင်းခံရကြသည်။ [၇၈]အထူးသဖြင့် ၂၀၁၆ မှ ၂၀၂၁ အထိ NLD အစိုးရ အုပ်ချုပ်သည့် ကာလ အတွင်းတွင် သတင်းအလုပ်ကို တဖြည်းဖြည်းဖြင့် ပြစ်မှုဖြစ်အောင် သတ်မှတ်လာကြောင်း သတင်းသမား အများအပြားက တွေ့ကြုံ သဘောပေါက် ခဲ့ကြသည်။[၇၉]

အရပ်ဖက်လူမှု အဖွဲ့အစည်းများက လူ့အခွင့်အရေး အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီစေရန် ပြစ်မှုဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲရန် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သော်လည်း အစိုးရ အလွှာများက များသောအားဖြင့် လုံးဝ ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါ။ ထို့ပြင် USDP နှင့် NLD အစိုးရများက မူလဥပဒေကို ပယ်ဖျက်ခြင်း မလုပ်ဘဲ သမ္မတအနေဖြင့် သတင်းရေးသား ဖော်ပြခွင့်ကို ချိုးဖောက် နိုင်မည့် ပြစ်မှုဥပဒေ အသစ်များကို ပိုမို တိုးမြှင့် ပြဋ္ဌာန်း ခဲ့သည်။ ဥပမာအားဖြင့် ဂျာနယ်လစ်များကို တင်းကျပ်စွာ ဖိနှိပ်ရန် အသုံးပြုလေ့ရှိသော အသရေဖျက်မှု (defamation) ကို ပြစ်မှု

---

[၇၈] ဂျာနယ်လစ်များကာကွယ်ရေးကော်မတီ (CPJ) (2023)၊ “မြန်မာ့မော်ကွန်းတိုက်”။

[၇၉] Multiple authors (2020), “Myanmar’s media not free or fair” ကမ္ဘာလုံးဆိုင်ရာ သိကျယ်သည့် တရားစွဲဆိုမှု တစ်ခုမှာ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ (Official Secrets Act, 1923) အရ မြန်မာဂျာနယ်လစ် နှစ်ဦးကို ဖမ်းဆီးထောင်ချခံရမှု ဖြစ်သည်။ ၎င်းတို့သည် Reuters သတင်းဌာန အတွက် တပ်မတော်၏ ရိုဟင်ဂျာအပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုရာဇဝတ်မှုများ ကို သတင်းထောက်နေစဉ် ဖမ်းဆီးခံခဲ့ရသည်။

အဖြစ်သတ်မှတ်သည့် ဥပဒေများအရေအတွက်သည် ယင်းကာလအတွင်း ခြောက်ခုအထိ မြင့်တက်လာ ခဲ့သည်။[၈၀]

USDP အစိုးရက အများပြည်သူထံသို့ ပြောကြားလေ့ရှိ သော သဘောထားမှာ “မြန်မာနိုင်ငံသည် လွတ်လပ်မှုအတွက် အဆင်သင့်ဖြစ်သေးဘူး” ဟုဆိုသည်။ ထို့အပြင် ဂျာနယ်လစ်များးကို “လွတ်လပ်မှု ပေးရန် အတွက် အတွေ့အကြုံနည်း”သူများ ဖြစ်သောကြောင့် ပြစ်မှုဥပဒေများကို တဖြည်းဖြည်းမှသာ ပြုပြင်နိုင်ရန်အတွက်၊ ၎င်းတို့၏ “ကျင့်ဝတ်လိုက်နာမှု” ကို ဦးစွာ တိုး မြှင့်ဖို့ လိုသေးသည်ဟု ဆိုခဲ့သည်။ NLD မှာ အစောပိုင်းတွင် မီဒီယာက ကောင်းကွက်များရှာ ရေးသားချီးကြူးခံရပြီး သတင်း မီဒီယာကို ကျေနပ်နေခဲ့ သော်လည်း၊ အုပ်ချုပ်ရေးတာဝန်ကို ယူလာရသော NLD အစိုးရ သည်လည်း နောက်ပိုင်း မတူညီသောအမြင်များ ဝေဖန်မှုများကို ရင်ဆိုင်လာချိန်တွင် အထက်ပါ သဘောထားမျိုးများကိုပင် မိမိတို့ အကြောင်းပြချက်များ အဖြစ် ဆက်ခံအသုံး ပြုလာခဲ့သည်။ အထူးသဖြင့် NLD ခေါင်းဆောင်အချို့သည်လည်း မီဒီယာလုပ်ငန်း နှင့် လူမှုကွက်ယက် မီဒီယာတို့ကို တမင်တကာ ရောထွေးပြောဆိုခြင်း၊ လွတ်လပ်သော မီဒီယာများကို ဗဟိုမဲ့ အွန်လိုင်း အကြောင်းအရာ အားလုံးအတွက် တာဝန်ယူစေချင်သည့် သဘောထားနှင့်လုပ်ရပ်များ ရှိခဲ့သည်။ [၈၁]USDP နှင့် NLD တို့၏ မီဒီယာလွတ်လပ်ခွင့်ကို ထိန်းချုပ်လိုသည့် ထိုသဘောထားနှင့် ထို နိုင်ငံရေးဝါဒဖြန့်စကား များကို သူတို့ လွှမ်းမိုးမှု လက်အောက် ရှိ မြန်မာသတင်းကောင်စီနှင့် ဂျာနယ်လစ်အချို့ကလည်း သံယောင်လိုက်ကာ ပြန်လည် ဖော်ပြခဲ့ကြသည်များ လည်းရှိခဲ့၏။

## တပ်မတော်က ချမှတ်သော "ဥပဒေများ"

၂၀၂၁ ဖေဖော်ဝါရီလ တပ်မတော် စစ်အာဏာ သိမ်းပြီးနောက်၊ စစ်အာဏာရှင် အဖွဲ့သည် ဥပဒေရေးရာ "ပြင်ဆင်ချက်များ" နှင့် အုပ်ချုပ်မှု အာဏာ ဆိုင်ရာ "အမိန့်များ" များစွာ ထုတ်ပြန်ခဲ့ပြီး ၎င်းတို့ကို တရားဝင် ဥပဒေအဖြစ် အသက်သွင်းထား သည်။ အမှန်က ၎င်းတို့ ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေ ကြေညာချက်သည်ပင် စစ်အာဏာရှင် အဖွဲ့၏ ကိုယ်တိုင် ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်ရော၊ အပြည်ပြည်ဆိုင်ရာဥပဒေ၏ လိုအပ်ချက်များအရပါ မှန်ကန်ကိုက်ညီမှု တရားဝင်မှု မရှိသည့် အတွက် ၊ ယင်းကို အခြေခံသည့် ဥပဒေရေးရာ "ပြင်ဆင် ချက်များ"

---

[၈၀] RFA (၂၀၂၀)၏, “ဝေဖန်သူများကို အသံတိတ်သွားအောင်လုပ်ရန် အသုံးပြုနေသည့် အသရေဖျက်မှုဆိုင်ရာ ဥပဒေများအား ပြုပြင်ပြောင်းလဲရန် မြန်မာနိုင်ငံမှ အရပ်ဖက် အဖွဲ့အစည်းများ တောင်းဆို

[၈၁] Irrawaddy (2018), “The NLD and the Media: A Once Cozy Relationship Turns Icy

နှင့် အာဏာ အုပ်ချုပ်မှုဆိုင်ရာ "အမိန့်များ" မှာ တရားဝင်ခြင်း မရှိနိုင်ပေ။ [၈၂] တရားဝင် အစိုးရနှင့် လွှတ်တော်မရှိဘဲ စစ်အုပ်စု သည် ဥပဒေရေးရာ ပြောင်းလဲမှုများ ပြုလုပ်နိုင်ခွင့် မရှိသင့်ပါ။ ထို့အပြင် "အမိန့်များ" နှင့် "ပြင်ဆင်ချက်များ"ကို ထုတ်ပြန်ရာတွင် ပထမဦးဆုံး အများ သိအောင် ကြိုတင် အညွှန်းသဘော ဖော်ပြခြင်း ၊ ပြည်သူ့ဆီမှ သဘောထားတောင်းခံခြင်းတို့ မရှိဘဲ အစိုး ရပိုင် မီဒီယာတွင် ထုတ်ပြန် ကြေညာခဲ့ကြသည်။ များသောအားဖြင့် ထုတ်ပြန်ခဲ့သည့် စာသားများမှာ မူကြမ်း ဆန်ပြီး မရှင်းလင်းသော အကြောင်းအရာများဖြင့် ပြုစုထားခဲ့ခြင်းဖြစ်ရာ၊ ၎င်းသည် ရည်ရွယ်ချက် ရှိရှိ ဖြင့်ပင် လုပ်ထားသည် မျိုးလည်း ဖြစ်နိုင်သည်။[၈၃]

စစ်အာဏာရှင် အဖွဲ့သည် ၎င်း၏ ပထမဆုံးအနေနှင့် မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဥပဒေများကို "ပြင်ဆင်"ခဲ့ရာတွင်၊ မရှင်းလင်းသော အပြစ်များ အသစ်ထည့်သွင်းခြင်းနှင့် ရှိပြီးသား အပြစ်ဒဏ် များကို တိုးမြှင့်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်အာဏာရှင်၏ မူလပြင်ဆင်မှုများအများစုမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခြင်း၊ စည်းဝေးခြင်းနှင့် အသင်းအဖွဲ့ဝင်ခြင်းဆိုင်ရာ အခွင့်အရေး များကို ထိခိုက်ပြီး၊ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို တင်းကြပ်စွာ ကန့်သတ်လာ ခဲ့သည်။ အာဏာ သိမ်းပြီးနောက် ပထမနှစ်ပတ် အတွင်း တပ်မတော်က ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ပြီး ဆန္ဒပြမှု များကို နိုင်ငံတော် သစ္စာ ဖောက်မှုအဖြစ် သတ်မှတ်နိုင်စေရန် ပုဒ်မ ၁၂၄ ကို ချဲ့ထွင်ကာ၊ တပ်မတော်အပေါ်အကြည်ညို ပျက်အောင်ပြောခြင်းကို ပုဒ်မ ၁၂၄(က) ဖြင့် တိုးချဲ့ထည့်သွင်း ခဲ့သည်။ [၈၄]ထို့အပြင် ပုဒ်မ ၅၀၅(က) ဖြင့် "ထိတ်လန့်မှု ဖြစ်စေခြင်း၊ သတင်း မှား ဖြန့်ခြင်းနှင့် အစိုးရ ဝန်ထမ်းများ ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း" များကို ပြစ်မှုအဖြစ်သတ်မှတ်ခဲ့သည်။

စစ်အာဏာရှင်သည် "ပုဒ်မ ၅၀၅ က ဟု ခေါ်သော ပုဒ်မအသစ်တစ်ခုကို ထည့်သွင်း ချမှတ်ခဲ့ပြီး၊ ၎င်းတွင် အဓိပ္ပါယ်မပြတ်သား သည့် ပြဿနာရှိသော အခန်းကြီး ၃ ခု ပါဝင်သည်။ ထိုအခန်းများတွင် "ထိတ်လန့်မှု ဖြစ်ပေါ်စေခြင်း" ၊ "မှန်ကန်မှုမရှိသော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း"နှင့်

---

[၈၂] တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုများသည် ဥပဒေရေးရာစကားသုံးစွဲမှုဖြင့် တရာဝင်ဟန် ပုံဖမ်းထား သော်လည်း တရားမဝင်သည်ကို တွက်ဆနိုင်ရန် ကောက်နုတ်ချက်များကို၊ အစီရင်ခံစာတစ်လျှောက်လုံးတွင် "… " ကောက်နုတ်ချက် သင်္ကေတ အမှတ်အသား များဖြင့် အထင်အရှား ဖော်ပြထားသည်။ အာဏာသိမ်းမှု၏ တရားဝင်မှုနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို သိရှိလိုပါက ICNL (2021) ရေးသားသော "Unlawful Edicts: Rule by Decree under the Myanmar Tatmadaw" နှင့် Multiple Authors (2021) မှ "Statement by Myanmar Civil Society Organisations on the Unconstitutionality of New 'Laws'" ကို ကြည့်ရှုနိုင်ပါသည်။
[၈၃] အင်္ဂလိပ်ဘာသာပြန်ဆိုမှု များကို မတိကျမှု၊ ဆန့်ကျင်ဘက်အဓိပ္ပာယ်များ ပါဝင်မှုကြောင့် ဝေဖန်မှုများ ရှိခဲ့သော်လည်း၊ ၎င်းတို့သည် မူလမြန်မာဘာသာစကားပုံစံများ ကို ကိုယ်စားပြုထားပြီး၊ မူလဘာသာစကား ဖြင့် ကျေငြာထုတ်ပြန်ချက် ကိုယ်တိုင်လည်း ရှင်းလင်းမှု မရှိသေးသည့် အနေအထား ဖြစ်နေသည်။
[၈၄] ICNL (၂၀၂၁)၏ "တရားမဝင်သော အမိန့်များ- မြန်မာတပ်မတော်အောက်ရှိ အမိန့်ဖြင့် အုပ်ချုပ်ခြင်း"။

“အစိုးရဝန်ထမ်းတစ်ဦးအပေါ် အပြစ်မှု တစ်ရပ်ရပ်ကို လုပ်ဆောင်ရန် သို့မဟုတ် လှုံ့ဆော်ခြင်း” ဆိုသည့် လုပ်ရပ်များကို ရာဇဝတ်မှုအဖြစ် ဖော်ပြထားသည်။ ထိုရက်ပိုင်းအတွင်းမှာပင် အာဏာသိမ်း စစ်ကောင်စီသည် ရာဇဝတ်ကျင့်ထုံး ဥပဒေ (၁၈၉၈) ကိုလည်း ပြင်ဆင်ပြီး၊ တရားစီရင်မှု နည်းလမ်းများတွင် တရားမျှတမှု ရှိရန် အတွက် အရေးကြီးသော ကာကွယ်မှု အချို့ကို ဖယ်ရှား ပစ်လိုက်ပြန်သည်။ ထို့အပြင် ပြည်သူတို့၏ ကိုယ်ရေးကိုယ်တာနှင့် လုံခြုံမှုဆိုင်ရာ အခွင့်အရေးများကို အာမခံထားသော “၂၀၁၇ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ် ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ “ကို ကိုလည်း အချိန်အကန့် အသတ် မရှိ ရပ်ဆိုင်း လိုက်ပြန်သည်။

တပ်မတော်က နောက်ပိုင်းတွင် သတင်းမီဒီယာဆိုင်ရာ ထိန်းသိမ်းမှုစနစ်ကို ပြောင်းလဲပြီး ပိုမိုဖိနှိပ်သည့် နည်းဖြင့် အသုံးချလာသည်။ ၂၀၂၁ ခုနှစ်တွင် အသံလွှင့် ဥပဒေ (၂၀၁၅) ကို ပြင်ဆင်ပြီး သတင်းမီဒီယာနှင့် ဆက်နွယ်သည့် ပြစ်မှုများကို ပြန်လည် ထည့်သွင်းကာ အွန်လိုင်းပေါ် ရှိ မီဒီယာ အကြောင်းအရာ အားလုံးကို ပါဝင်အောင် ချဲ့ထွင် သတ်မှတ်ခဲ့သည်။ ထို့ကြောင့် မည်သူမဆို အွန်လိုင်းတွင် အကြောင်းအရာ တင်သောအခါ ပြစ်မှု အဖြစ် သတ်မှတ်ခံရ နိုင်သည်။ ထို့အပြင် ၂၀၂၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေရေးဥပဒေ (၂၀၁၄) ကိုပါ ပြင်ဆင်ပြီး လုပ်ထုံးလုပ်နည်း စံနှုန်းများကို ဖယ်ရှားကာသတင်းမီဒီယာ လိုင်စင်များကို မည်သည့်အချိန်မဆို ချက်ခြင်း ဖျက်သိမ်းနိုင်သည့် နည်း လမ်းကို ပိုမိုလွယ်ကူအောင် ပြောင်းလဲခဲ့သည်။[၈၅]

တပ်မတော်က ရာဇဝတ်မှုဆိုင်ရာ ဥပဒေစနစ် အတွင်း ဖွဲ့စည်းထား မှုများကို ဆက်လက် ပြောင်းလဲခဲ့သည်။ ဥပမာ၊ ၂၀၂၁ ခုနှစ်တွင် အကြမ်းဖက်မှု တားဆီး တိုက်ဖျက်ရေးဥပဒေ (၂၀၁၄) ကို ပြင်ဆင်ကာ “ သွေးဆောင်ခြင်း” နှင့် “ဝါဒဖြန့်ခြင်း” စသော ပြစ်မှုများအတွက် အရေးကြီး သော ပြစ်ဒဏ်များကိုချခြင်းဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အား ဖိနှိပ်မှုတိုးမြှင့်ခဲ့သည်။ [၈၆]၂၀၂၃ ခုနှစ်တွင် ထိုဥပဒေကိုပင် နောက်ထပ် ပြင်ဆင်ကာ ၎င်းတို့၏ စုံစမ်းစစ်ဆေးပိုင်ခွင့် အာဏာများကို ပိုမို ချဲ့ထွင် ခွင့်ပြုခဲ့ပြန်သည်။ ထိုဥပဒေအရ တရားဝင် ရွေးကောက်ခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကဲ့ သို့သော ဆန့်ကျင်ဖက် အဖွဲ့များကိုလည်း အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကာ ၊ထိုအဖွဲ့ နှင့်စပ်လျဉ်းသည့် အပြုသဘော သို့မဟုတ် မျှမျှတဖော်ပြ ထားသော သတင်းများကိုပင်

[၈၅] Center for Law and Democracy (2023) ၏“ပြင်ဆင်ချက် မှတ်စု”။

[၈၆] တပ်မတော်က ဥပဒေများကို အသုံးချခြင်း နှင့် "ပြုပြင်မှု" ပြုလုပ်ခြင်း အပေါ် ပိုမိုသိရှိလိုပါက ICNL (2023), “Impact of Counter-Terrorism Measures in Myanmar” ကို ကြည့်ရှုနိုင်ပါသည်။

အကြမ်းဖက်မှု ကိုအားပေး ခြင်းအဖြစ် သတ်မှတ်ကာ၊ ထိုသို့ရေးသားသော ဂျာနယ်လစ်များ အတွက် ပြင်းထန်သော ပြစ်ဒဏ်များကို ချပစ်ခဲ့သည်။

## တပ်မတော် ၏ တရားရုံး

စစ်အုပ်ချုပ် ရေးဌာနချုပ် အောက်တွင်ထားသော မြို့နယ်များတွင် တပ်မတော်မှ ထုတ်ပြန်သော "အမိန့်" များအနက်အချို့တွင် တရားစီရင်မှု အာဏာရှိသော တပ်မတော် အထူးတရားရုံး စနစ် အသစ်တစ်ခုကို ဥပဒေများချမှတ် တည်ဆောက်ခြင်း များ လုပ်ဆောင်ခဲ့သည်။ ဤအထူး တရားရုံးများအတွက် တာဝန်ပေးထားသော ဥပဒေများထဲတွင် သတင်းမီဒီယာ ဥပဒေ (၂၀၁၄) ကဲ့သို့ သောမီဒီယာ ထိန်းချုပ်မှု ဥပဒေများနှင့် ၁၈၆၁ခုနှစ်ရာဇသတ်ကြီး ဥပဒေ တွင်ပါဝင်သည့် တိုက်တွန်းမှုဆိုင်ရာ အခန်း ကဏ္ဍများကဲ့သို့ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သော ရာဇဝတ် ဥပဒေများ လည်းပါဝင်သည်။ အမှန်က ဤအထူး တရားရုံး များသည် "တပ်မတော်၏အမိန့်" များဖြင့်သာ ဖန်တီးထားပြီး ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှု မရှိခြင်းကြောင့် တရားမဝင်သည့်တရားရုံး များသာဖြစ်သည်။[၈၇] ထို့ပြင် ထိုတရားရုံးများတွင် အမှု ကိုစစ်ဆေး ဆောင်ရွက်သည့် စနစ်နှင့်စပ်လျဉ်းသည့် အချက်အလက်များမှာလည်း တရားခံများသည် ရှေ့နေ များဖြင့်ကိုယ်စားပြုခွင့် မရှိခြင်းနှင့် အယူခံတင်ပြခွင့်မရှိခြင်းတို့အပြင် သီးသန့် တရားရုံးများ ဖြစ်သည့်အတွက် တခြားသော လုပ်ထုံးလုပ်နည်းများအား ပြည်သူအတွက် တရားဝင် ကျေငြာ ထားခြင်းလည်းမရှိပါ။

တပ်မတော်၏ အထူးတရားရုံးများ၏ တရားစီရင်မှုအာဏာအတွင်း မဝင်သော ရာဇဝတ်မှုများကို ထောင်အတွင်း တည်ထောင်ထားသည့် "အထူးတရားရုံး" များတွင် ဆောင်ရွက်ခဲ့သည်။ [၈၈]

ဤအထူး တရားရုံးများသည်လည်း ပြည်သူဝင်ရောက်ခြင်း မပြုနိုင်သည့် တရားရုံး များဖြစ်သော်လည်း၊ အရပ်ဖက် တရားသူကြီးများက ဆုံးဖြတ်ပေးကြသည့် ပုံ မျိုး ဖော်ထားပြီး၊ တရား ဥပဒေအရ ကိုယ်စားပြုမှု အလွန်နည်း သည်။ ထို့အပြင် တရားသူကြီးများသည် မြန်မာ ဥပဒေ တွင်

---

[၈၇] တပ်မတော် တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် စစ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ထိန်းချုပ်ရန် ဥပဒေများတွင် သတ်မှတ်ထားသည့် "တပ်မတော်တရားရုံး" မဟုတ်ပါ။

[၈၈] Free Expression Myanmar သည် ရှေ့နေများနှင့် တရားစွဲခံသူများ နှင့် မေးမြန်းဆွေးနွေးခြင်း ဖြင့် တပ်မတော်၏ တရားရေးစနစ်အသစ် ကို သုတေသနပြု၍ ထုတ်ပြန်ခဲ့သည်။ ပိုမိုသိရှိလိုပါက Free Expression Myanmar (2023), "Myanmar Military's 'Justice' System" ကို ကြည့်ရှုနိုင်ပါသည်။

သတ်မှတ် ထားသော တရားစီရင်ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများနှင့် သက်သေခံ အထောက်အထားများ အပေါ် အခြေခံရမည့် စံနှုန်းများကို တော်တော်များများ ပွင့်ပွင့်လင်းလင်း ဖောက်ဖျက်လျက်ရှိပြီး၊ မြန်မြန်ဆန်ဆန် စီရင်ချက်ချကာအမှုဖြတ် ရန်သာ ရည်ရွယ်ပြီး ဆုံးဖြတ်လျက်ရှိသည်။ မကြာသေး မီကတည်းက ပြစ်မှုကြောင်း ဆိုင်ရာ အရပ်ဖက် တရားရုံးများကို ပြန်ဖွင့်လာ ခဲ့ကြသော်လည်း "နိုင်ငံရေး ပတ်သက်မှု မပါဝင်သော" ရာဇဝတ်မှုများ ကိုသာ ကြားနာရန် ဖြစ်သည်။ တပ်မတော် အထူးတရားရုံးများ၊ အထူးတရားရုံးများ၊ ပြစ်မှုတရားရုံးများနှင့် ၎င်းတို့၏ အမိန့်စီရင်ချက်များကို တပ်မတော်က အပြည့်အဝ ထိန်းချုပ်ထား သောကြောင့် တရားမျှတမှုမရှိသည့် အပြင် အတု အယောင် တရားရုံးများသာ ဖြစ်သည်။

## တပ်မတော်၏ ညွှန်ကြားချက်များ

ဥပဒေ ပြင်ဆင်ချက်များနှင့် အထွေထွေအမိန့်များအပြင်၊ တပ်မတော်ထိန်းချုပ်ထားသော ဝန်ကြီးဌာနများသည် နိုင်ငံပိုင်၊ တပ်မတော်ပိုင်၊ နှင့် ပုဂ္ဂလိက ဆက်သွယ်ရေးကုမ္ပဏီများသို့ လျှို့ဝှက်ညွှန်ကြားချက်များ ထုတ်ပေးခဲ့သည်။ ဤညွှန်ကြား ချက်များတွင် အချို့ကာလ များတွင် အင်တာနက်အသုံးပြုခွင့်ကို ကန့်သတ်ရန် သို့မဟုတ် လုံးဝ ပိတ်ဆိုင်းရန် ညွှန်ကြားထားသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဆန္ဒပြပွဲများ စီစဉ်မှုကို ထိန်းချုပ်ရန်၊ အရေးကြီးကာလများတွင် သတင်းမီဒီယာများ၌ မဖော်ပြနိုင်စေရန် နှင့် ပြည်သူများထံ တိကျမှန်ကန်သော သတင်း အချက်အလက်များ မရရှိနိုင်စေရန် ဖြစ်သည်။[၇၉]ထို့အပြင် စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များ စာရင်းနှင့် သီးခြားဆက်သွယ်မှု အားကြားဖြတ်ဖမ်းယူ စုံစမ်းထောက်လှမ်းရမည့် မိသားစုများ၊ ပုဂ္ဂိုလ်များ၏ စာရင်းတို့ မှာလည်း ညွှန်ကြား ချက်များတွင် ထည့်သွင်း ထားတတ်သည်။

## နိုင်ငံခြားမှ တရားစီရင်ပိုင်ခွင့်များ

နိုင်ငံခြားသို့ ပြေးထွက်လွတ်မြောက်လာခဲ့သော သတင်းအဖွဲ့များနှင့် ဂျာနယ်လစ်များမှာလည်း တိုက်ရိုက် မဟုတ် သော်လည်း၊ မိမိတို့ နေထိုင်သော နယ်မြေဥပဒေကန့်သတ်မှုများ အလိုက် ကျရောက်လာသော အန္တရာယ်များကို ထပ်မံ ရင်ဆိုင် ရပြန်သည်။ ၎င်းတို့အနက် အများစုသည် ထိုင်း

[၇၉] အင်တာနက်အသုံးပြုခွင့်အား တပ်မတော်က တင်းကြပ်တားမြစ်မှုနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များ အတွက် Freedom House (၂၀၂၃)၊ "မြန်မာ" ကိုကြည့်ရှုနိုင်ပါသည်။

နိုင်ငံသို့ (အနည်းဆုံး အစပိုင်းတွင်) ထွက်ပြေးသွားကြပြီး၊ ထိုင်းနိုင်ငံ သည် သတင်း လွတ်လပ်ခွင့် ကို ကာကွယ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများအပေါ် ကျင့်သုံးမှု အားနည်း သည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။[၉၀] သတင်း အဖွဲ့များနှင့် ဂျာနယ်လစ်အနည်းငယ်ကသာ အိန္ဒိယတွင် လှုပ်ရှား ကြသော်လည်း၊ ယနေ့အခါ အိန္ဒိယသည် သတင်းမီဒီယာအတွက် အခြေ အနေချုပ် ထားမှုများ များလာသော နယ်မြေတစ်ခုဖြစ်လာသည်။ [၉၁]ထို့ပြင် အခြားတချို့ကတော့ သတင်း ဖော်ပြခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာအခွင့်အရေးများကို ပိုမိုကောင်းမွန်စွာ ကာကွယ် ပေးနိုင် သော ရပ်ဝေးနိုင်ငံ များဖြစ်သည့် ဩစတြေးလျ ကဲ့သို့သော နိုင်ငံများမှ လှုပ်ရှားလာနိုင် ကြသည် များ လည်း ရှိ၏။

သတင်းမီဒီယာအဖွဲ့အစည်းများသည် မိမိတည်ရှိရာ နိုင်ငံများ၏ ဥပဒေရေးရာ ကန့်သတ် မှုများ ကြောင့် အကြီးအကျယ် အနှောင့်အယှက်များကြုံတွေ့ရသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၏ ဥပဒေ အရ လုပ်ငန်းအားလုံး မှတ်ပုံတင်ရန် လိုအပ်သော်လည်း၊ နိုင်ငံခြားသားများအနေဖြင့် မီဒီယာ လုပ်ငန်းကို ပိုင်ဆိုင်ခြင်း သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင် အများစုအဖြစ် ဘုတ်အဖွဲ့တွင် ပါဝင်မည် ကို ပိတ်ပင် ထားသော ၁၉၉၂ ခုနှစ် နိုင်ငံခြားစီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေ (ဇယား-၁) သတ်မှတ် ချက်ကြောင့် တရားဝင် မှတ်ပုံတင် လိုသော မီဒီယာလုပ်ငန်း များအနေဖြင့် ထိုင်းနိုင်ငံ သားတဦး ၏ နာမည်ဖြင့် မှတ်ပုံတင်မှသာ အလုပ်လုပ်၍ ရနိုင်မည့်၊ ရှုပ်ထွေးပြီး ကုန်ကျစရိတ် အလွန် မြင့်သော၊ ဥပဒေဆိုင်ရာပြဿနာဖြစ် ပေါ်လာနိုင် ချေရှိသော နည်းလမ်းများကိုသာ သုံးရန် မရှိမဖြစ် လိုအပ်လာ ခဲ့သည်။ ထိုအပြင် မီဒီယာလိုင်စင်ကို ရယူရာတွင် အခြား ဥပဒေ တစ်ခု သို့မဟုတ် တော်တော် များများသော ဥပဒေများအရ ချမှတ်ထားသော ခွင့်ပြုချက်များ ကိုပါ ရယူရမည့် ဆက်စပ် လိုအပ် ချက် များလည်းရှိလာပြန် သည်။ ဥပမာအားဖြင့် ရုပ်သံနှင့်ထုတ်လွှင့်ရေးလုပ်ငန်းဥပဒေ (၂၀၀၈)၊ ထုတ်ဝေရေးဥပဒေ (၂၀၀၇) နှင့် ရုပ်ရှင်နှင့်ဗီဒီယိုဥပဒေ (၂၀၀၈) တို့ဖြစ်ကြသည်။ ထို့ကြောင့် မီဒီယာ အဖွဲ့အစည်းများ အနက် တော်တော်များများသည် တရားမဝင် အနေနှင့်သာ လျှို့ဝှက်စွာ သတင်း အလုပ်ကို လုပ်ကိုင်နေရင်း ဥပဒေ ကို ဖောက်ဖျက်မှု အဖြစ် သတ်မှတ်ခံရနိုင်သော အန္တရာယ်များနှင့် ရင်ဆိုင် နေကြရသည်။

ဂျာနယ်လစ်တစ်ဦးချင်းသည် ဝင်ထွက်ခွင့်နှင့် နိုင်ငံခြားသား ဆိုင်ရာဥပဒေ များကြောင့် ပုဂ္ဂိုလ် ရေးကိစ္စတွင် အန္တရာယ် များကြုံတွေ့နေရသည်။[၉၂] ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် "ဒုက္ခ

---

[၉၀] Freedom House (2023), "Thailand".

[၉၁] Reporters Sans Frontiers (2023), "World Press Freedom Index 2023".

[၉၂] ပိုမိုသိရှိလိုပါက VOA (2022), "Future Remains Cloudy for Exiled Myanmar Journalists in Thailand" ကို ကြည့်ရှုနိုင်ပါသည်။

သည် အနေအထား ဆိုင်ရာကွန်ဗင်းရှင်း” (Convention Relating to the Status of Refugees) ကို အတည်ပြု လက်မှတ်မထိုးသေးသောကြောင့် မြန်မာဒုက္ခသည်များ၏ ဥပဒေအရ အခွင့် အရေးများကို တရားဝင် လက်ခံ၍ ကာကွယ်မပေးသေးဘဲ မြန်မာနိုင်ငံသို့ ပြန်ပို့ခံရနိုင်ခြင်း သို့မဟုတ် ဒေသခံ အရာရှိများကို ပုံမှန်လာဘ်ငွေ ပေးရန် လိုအပ်နေခြင်းတို့ကို အမြဲတွေကြုံခံစား နေရ သည်။

ဂျာနယ်လစ် အချို့ကို မြန်မာနိုင်ငံသို့ ပြန်ပို့မည်ဟု ခြိမ်းခြောက်ခံထားရပြီး၊ တချို့အား အမှန်တကယ်ပင်ပြန်ပို့ ခံရနိုင်သည်ဟု ခန့်မှန်းထား ကြသည်။ တဖက်တွင် ထိုအချိန်အတောအတွင်း၌ ထိုင်းအစိုးရက ဂျာနယ်လစ် အချို့ကို ဘေးကင်းရာ တတိယနိုင်ငံများသို့ လည်း ထွက်ခွာခွင့် မပြုကြောင်း ထုတ်ပြန်တားမြစ် ထားပြန်သည်။ [၉၃]ထိုသို့ တားမြစ် ပိတ်ဆို့ထား ရခြင်းမှ မြန်မာနိုင်ငံမှ  ဒုက္ခသည်များက လွပ်မြောက်နိုင်သော လမ်းကြောင်းကို သိသွားကြ ပြီး အများအပြားဝင်လာနိုင် သောကြောင့်ပင် ဖြစ်နိုင်သည်။

၉၃ Reuters (၂၀၂၁) ၏ “ထိုင်းနိုင်ငံတွင် မြန်မာဂျာနယ်လစ်များနှင့် တက်ကြွသူများ ဖမ်းဆီးခံရ” သတင်းကို ကြည့်ရှုနိုင်ပါသည်။